သက္ကောပန၊ သည်ကား။ သယံ၊ မိမိသည်။ စုတတ္တာ၊ စုတေသည်၏အဖြစ်ကြောင့်။ ဘဂဝါစ၊ သည်လည်း။ အပ္ပဋိဟတဉာဏတ္တာ၊အပိတ်အပင်မရှိသော ဉာဏ်ရှိတော်မူသည်၏ အဖြစ်ကြောင့်။ ဒွေဝ၊ နှစ်ယောက်သာလျှင် ဖြစ်ကုန်သော။ ဇနာ၊ ပုဂ္ဂိုလ်တို့သည်။ ဇာနိံသု၊ ကုန်၏။ အထ၊ ထိုအခါ၌။ သက္ကော၊ သည်။ စိန္တေသိ၊ ကြံ၏။ ''မယှံ ဟိ-မယှံဝေ၊ ငါ့အားသာလျှင်။ ဘဂဝါ၊ သည်။ တီသုကုန်သော။ဌာနေသုပိ၊ဝေဒနာသုံးပါးတို့ကို ဖြေတော်မူသည်၏ အဆုံး ဟုဆိုအပ်သော အရာတို့၌လည်း။ အာဂမနီယပ္ပဋိပဒါယ၊ ရောက်ကြောင်းဖြစ်သော အကျင့်ဖြင့်(ထည့်)။နိဗ္ဗတ္တိတဖလမေဝ၊ ဖြစ်စေအပ်သော လောကုတ္တရာမဂ်, ဖိုလ် ဟုဆိုအပ်သော အကျိုးကိုသာလျှင်။ ကထိတံ၊ ၏။ အယာစ္စမဂ္ဂေါဝါ၊ ကိုရင်း။ ဣဒ္ဓဖလံဝါ၊ ကိုရင်း။ သကုဏိကာယ၊ ငှက်မ၏။ ဉပ္ပတိတွာ၊ ခုန်ပျံ၍။ ကိဠိ၊ သော။ ဂယှပဂံ၊ ဘမ်းယူခြင်းငှာ ခံ့သောဝတ္ထုကို။ (နှစ်ပုဒ်ထည့်)။ ဂဟေတုံ၊ ငှာ။ သက္ကာဝိယ၊ တတ်ကောင်းသကဲ့သို့။ ဂဟေတုံ၊ ငှာ။ နသက္ကာ၊ ကောင်း။ အသာ၊ ထိုလောကုတ္တရာဟုဆိုအပ်သော မဂ်, ဖိုလ်၏။ အာဂမနီယပုဗ္ဗဘာဂပ္ပဋိပဒါယ၊ ရောက်ကြောင်းဖြစ်သော အကျင့်သည်။ ဘဝိတဗ္ဗံ၊ ရာ၏။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ဉပရိ၊ ၌။ ခိဏာသဝဿ၊ ၏။ ပုဗ္ဗဘာဂပ္ပဋိပဒံ၊ ရှေးအဖို့ဖြစ်သောအကျင့်ကို။ ပုစ္ဆာမိ၊ မေးလျှောက်အံ့''။ ဣတိ၊ သို့။ စိန္တေသိ၊ ၏။

## ပါတိမောက္ခသံဝရဝဏ္ဏနာ

၃၆၄။ တတော၊ ထိုနောက်မှ။ တံ၊ ထိုဒုဟန္တာပုဂ္ဂိုလ်၏ ရှေးအဖို့၌ ဖြစ်သောအကျင့်ကို။ ပုစ္ဆန္တော၊ မေးလိုသည်ဖြစ်၍။ **ကထံ ပဋိပန္နော ပန ပာရိသာတိအာဒိံ**၊ ကို။ အာဟ၊ ၏။ တတ္ထ၊ ထို ကထံ ပဋိပန္နော မာရိသ စသော ပါဌ်၌။ ပါတိမောက္ခသံဝရာယာတိ၊ ကား။ ဉတ္တမဇေဋ္ဌကသီလသံဝရာယ၊ ခပ်သိမ်းသော လောကီသီလတို့ထက် ကြီးမြတ်သော ပါတိမောက္ခသံဝရ သီလအလို့ငှာ။ **ကာယသမာစာရမ္ပိတိ အာဒိ**၊ ဤသို့ စသောစကားကို။ သေဝိတဗ္ဗကာယသမာစာရာဒိဝသေန၊ မှီဝဲအပ်သော ကိုယ်အကျင့် အစရှိသည်တို့၏ အစွမ်းဖြင့်။ ပါတိမောက္ခသံဝရဒဿနတ္ထံ၊ ပါတိမောက္ခသံဝရ သီလကို ပြခြင်းအကျိုးငှာ။ ဝုတ္တံ၊ ၏။ သော သီလကထာစနာမ၊ ဤသီလ

ကထာမည်သည်ကား။ ကမ္မပထဝသေနဝါ၊ ကုသလကမ္မပထ အကုသလ ကမ္မပထ၏ အစွမ်းဖြင့်ရင်း။ ပဏ္ဏတ္တိဝသေနဝါ၊ ပညတ်ခြင်း၏အစွမ်းဖြင့်ရင်း။ ကထေတဗ္ဗာ၊ ဆိုသင့်သည်။ ဟောတိ၊ ၏။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ကမ္မပထဝသေန၊ ကမ္မပထ၏ အစွမ်းဖြင့်။ ကထေန္တေန၊ ဆိုသောပုဂ္ဂိုလ်သည်။ အသေဝိတဗ္ဗကာယသမာစာရော၊ မမှီဝဲအပ်သော ကိုယ်အကျင့်ကို။ တာဝ၊ ရှေးဦးစွာ။ ပါဏာတိပါတအဒိန္နာဒါန မိစ္ဆာစာရေဟိ၊ သူ့အသက်ကို လျင်စွာချခြင်း အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာကိုခိုးယူခြင်း ကာမဂုဏ်တို့၌ မှားသောအကျင့်တို့ ဖြင့်။ ကထေတဗ္ဗော၊ ဆိုအပ်၏။ ပဏ္ဏတ္တိဝသေန၊ ပညတ်ခြင်း၏ အစွမ်းဖြင့်။ ကထေန္တေန၊ ဆိုသောပုဂ္ဂိုလ်သည်။ ကာယဒွါရေ၊ ၌။ ပညတ္တသိက္ခာပဒ ဝီတိက္ကမဝသေန၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို လွန်ကျူးခြင်း၏ အစွမ်းဖြင့်။ ဝါ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို လွန်ကျူးကြောင်း ဖြစ်သော အကုသိုလ်၏အစွမ်းဖြင့်။ ကထေတဗ္ဗော၊ ၏။ သေဝိတဗ္ဗ ကာယ သမာစာရော၊ မှီဝဲအပ်သော ကိုယ်အကျင့်ကို။ ပါဏာတိပါတာဒိ ဝေရ မဏိဟိစေဝ၊ သူ့အသက်ကို လျင်စွာချခြင်း စသည်တို့မှ ကြဉ်ခြင်းတို့ ဖြင့်ရင်း။ဝါ၊တို့ဖြင့်ရင်း။ ကာယဒွါရေ၊ ၌။ပညတ္တသိက္ခာပဒအဝီတိက္ကမေနစ၊ ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို မကျူးလွန်ခြင်း၏ အစွမ်းဖြင့်ရင်း။ဝါ၊ ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို မလွန်ကျူးကြောင်းဖြစ်သော သီလ၏ အစွမ်းဖြင့်ရင်း။ ကထေတဗ္ဗော၊ ၏။ အသေဝိတဗ္ဗဝစီသမာစာရော၊ မမှီဝဲအပ် သော နှုတ်အကျင့်ကို။ မုသာဝါဒါဒိဝစီဒုစ္စရိတေနစေဝ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းစသော ဝစီဒုစရိုက်ဖြင့်ရင်း။ ဝစီဒွါရေ၊ ၌။ ပညတ္တ သိက္ခာပဒဝီတိက္ကမေနစ၊ ဖြင့်ရင်း။ ဝါ၊ ပညတ်။ပ။ သိက္ခာပုဒ်ကို လွန်ကျူး ကြောင်းဖြစ်သော အကုသိုလ်၏ အစွမ်းဖြင့်ရင်း။ ကထေတဗ္ဗော၊ ၏။ သေဝိတဗ္ဗဝစီသမာစာရော၊ ကို။ မုသာဝါဒါဒိဝေရမဏိဟိစေဝ၊ မုသာဝါဒ စသည်တို့မှ ကြဉ်ခြင်းတို့ဖြင့်ရင်း။ ဝစီဒွါရေ၊ ၌။ ပညတ္တသိက္ခာပဒအဝီတိက္ကမ ဝသေနစ၊ ဖြင့်ရင်း။ ဝါ၊ ဖြင့်ရင်း။ ကထေတဗ္ဗော၊ ၏။

ပရိယေသနာပန၊ ရှာမှီးခြင်းသည်ကား။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ ဖြင့်။ ပရိယေသနာယေဝ၊ သည်လျှင်။ ဟောတိ၊ ၏။ သာ၊ ထိုရှာမှီးခြင်းကို။

**ကာယဝစီသမာစာရဂ္ဂဟဏေန၊** ကိုယ်အကျင့် နှုတ်အကျင့်ကို ယူသဖြင့်။ ဂဟိတာ၊ ယူအပ်သည်။ သမာနာပိ၊ ဖြစ်သော်လည်း။ ယသ္မာ၊ ကြောင့်။ အာဇီဝဋ္ဌမကသီလံနာမ၊ အာဇီဝလျှင် ရှစ်ခုမြောက်ရှိသော သီလမည်သည် **ကား။** တေသ္မိံ ယေဝဒွါရဒွယေ၊ ထိုကာယဒွါရ, ဝစီဒွါရနှစ်ပါး၌သာလျှင်။ ဥပ္ပဇ္ဇတိ၊၏။ အာကာသေ၊ ကောင်းကင်၌။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ တသ္မာ၊ကြောင့်။ အာဇီဝဋ္ဌမကသီလဒဿနာယ၊ ငှာ။ ဝိသုံ၊ အသီး။ ဝုတ္တာ၊ ၏။ တတ္ထ၊ ထို သေဝိတဗ္ဗ, အသေဝိတဗ္ဗဖြစ်သော ပရိယေသနတရားတို့တွင်။ နသေဝိတဗ္ဗ ပရိယေသနာ၊ မမှီဝဲအပ်သော ရှာမှီးခြင်းကို။ အနရိယ ပရိယေသနာယ၊ မမြတ်သောရှာမှီးခြင်းဖြင့်။ ဝါ၊ အရိယာသူတော်ကောင်းမဟုတ် သူယုတ်တို့သည် ရှာမှီးအပ်သောအကျင့်ဖြင့်။ ကထေတဗ္ဗာ၊ ၏။ သေဝိတဗ္ဗပရိယေ သနာ၊ ကို။ အရိယပရိယေသနာယ၊ မြတ်သောရှာမှီးခြင်းဖြင့်။ ဝါ၊ အပြစ် မရှိသော ရှာမှီးခြင်းဖြင့်။ ဝါ၊ အရိယာသူတော်ကောင်းတို့သည် ရှာမှီးအပ် သောအကျင့်ဖြင့်။ ကထေတဗ္ဗာ၊ ၏။ ဟိ-သစ္စံ၊ ၏။ "ဒွေမာဘိက္ခဝေ။ပ။ အနရိယပရိယေသနာတိစ၊ ဟူ၍ငင်း။ 'ကတမာစ ဘိက္ခဝေ။ပ။ အရိယပရိ ယေသနာတိစ၊ ဟူ၍ငင်း။ ဝါ၊ ဟူသော။ ဝေါဟာရနံ၊ ကို။ ဝုတ္တံ၊ ၏"။

ပဒဝိနိစ္ဆယ-ဤသို့ ဒွတိသဒ္ဒါ စသဒ္ဒါတို့ကို ထည့်၍ယောဇနာ။ ဤသာဓကပါဠိ၌ ပျက်စီးသည်များ၏၊ များဟန်ကား အချို့ပါဠ်၌ သံကိလေသဓမ္မော ရှိရ မည့်ကို သံကိလေသိကဓမ္မော၊ သံကိလေသဓမ္မံ ရှိရမည်ကို သံကိလေသိက ဓမ္မံ၊ ဟတ္ထိဂဝဿဝဠဝံ ရှိရမည်ကို ဟတ္ထိဂဝယဝဠဝံ၊ ဥပဓယော ရှိရမည်ကို ဥပစရောဟုရှိ၏။ အကြောင်းကိုသိလိုမူ ဤကျမ်းဋီကာ မူလပဏ္ဏာသပါဠိ တော် အရိယပရိယေသနသုတ်၊ ထိုသုတ်၏ အဋ္ဌကထာတို့ကို ကြည့်လေ။

**သာဓကပါဠိအနက်ကား**-ဘိက္ခဝေ၊ တို့။ ပရိယေသနာ၊ တို့သည်။ အနရိယာ၊ မမြတ်သော။ ဝါ၊ အပြစ်ရှိသော။ ပရိယေသနာစ၊ ငင်း။ အရိယာ၊မြတ် သော။ ဝါ၊ အပြစ်မရှိသော။ ပရိယေသနာစ၊ ငင်း။ ဣမာဒွေ၊ ဤ နှစ်ပါးတို့တည်း။ ဘိက္ခဝေ၊ တို့။ အနရိယပရိယေသနာ၊ ဟူသည်။ ကတမာစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ အတ္တနာ၊ သည်။ ဇာတိဓမ္မော၊ ဖြစ် ခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်လျက်။ ဇာတိမမ္မံ ယေဝ၊ ဖြစ်

ခြင်းသဘောရှိသော တရားကိုသာလျှင်။ ပရိယေသတိ၊ ၏။ အတ္တနာ၊ သည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ သမာနော၊ လျက်။ ဇရာဓမ္မံ ယေဝ၊ ကိုသာလျှင်။ ပရိယေသတိ၊ ၏။ (ဤသို့ယောဇနာ၊ နောက်ကို ဤနည်းအတူသိလင့်)။ ဗျာဓိဓမ္မော၊ ဖျားနာခြင်း သဘောရှိသည်။ မရဏဓမ္မော၊ သေခြင်းသဘောရှိသည်။ သောကဓမ္မော၊ စိုးရိမ်ခြင်း သဘောရှိသည်။ သံကိလေသဓမ္မော၊ ညစ်ညူးခြင်း, ပူပန်ခြင်းသဘော ရှိသည်။ သမာနော၊ လျက်။ သံကိလေသဓမ္မံယေဝ၊ ညစ်ညူးခြင်း, ပူပန် ခြင်းသဘောရှိသော တရားကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

ဘိက္ခဝေ၊ တို့၊ကိဉ္စ၊အဘယ်တရားကိုလျှင်။ ဇာတိဓမ္မံ၊ဖြစ်ခြင်းသဘော ရှိ၏ဟူ၍။ ဝဒေထ၊ ဆိုကုန်အံ့နည်း။ ဘိက္ခဝေ၊ တို့။ ပုတ္တဘရိယံ၊ သား, မယားကို။ ဇာတိဓမ္မံ၊ ဟူ၍။ ဝဒေထ၊ ဆိုကုန်လော့။ ဒါသိဒါသံ၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားကို။ ပ။ အဇေဠကံ၊ ဆိတ်မြန်မာ ဆိတ် ကုလားကို။ပ။ ကုက္ကုဋသူကရံ၊ ကြက်,ဝက်ကို။ပ။ ဟတ္ထိဂဝဿဝဠဝံ၊ ဆင်, နွား, မြင်း, မြည်းကို။ (ဂဝယရှိမူ နွားနောက်ဟုပေး)။ပ။ဇာတ ရူပရဇတံ၊ ရွှေ,ငွေကို။ ဇာတိဓမ္မံ၊ ဟူ၍။ ဝဒေထ၊ကုန်လော့။ဟိ- သစ္စ၊၏။ ဘိက္ခဝေ၊ တို့၊ ဧတေဥပဓယော၊ ထိုသား, မယားအစရှိသော ကာမုပဓိ တို့သည်။ ဇာတိဓမ္မာ၊ ကုန်၏။ ဧတ္ထ၊ ဤကာမုပဓိတို့၌။ ဂဓိတော၊ မက် မောသော။ မုစ္ဆိတော၊ တွေဝေသော။ အဇ္ဈောပန္နော၊ လွန်ကျူး၍ရောက် သော၊ အယံသတ္တော၊ သည်။အတ္တနာ၊ သည်။ ဇာတိဓမ္မော၊ သည်။ သမာနော၊ လျက်။ ဇာတိဓမ္မံယေဝ၊ ကိုသာလျှင်။ ပရိယေသတိ၊ ၏။ပ။ ဘိက္ခဝေ၊ တို့၊ အယံ၊ ဤသို့ရှာမှီးခြင်းသည်။ အနရိယာ ပရိယေသနာ၊ မည်၏။

အပိစ၊ တနည်းလည်း။ ကုဟနာဒိဝသေန၊ အံ့ဘွယ်သရဲကိုဖြစ်စေခြင်း စသည်တို့၏အစွမ်းဖြင့်။ ပဉ္စဝိဓာ၊ ငါးပါးအပြားရှိသော ရှာမှီးခြင်းရင်း။ အနေသနာဒိဝသေန၊ ဆွမ်းမခံအပ် မကျက်စားအပ်သည်၌ ဆွမ်းခံခြင်း ကျက် စားခြင်း၏ အစွမ်းဖြင့်။ဆဗ္ဗိဓာ၊ ခြောက်ပါးအပြားရှိသော ရှာမှီးခြင်းရင်း။ ဝေဇ္ဇကမ္မာဒိဝသေန၊ ဆေးကုခြင်း စသည်တို့၏အစွမ်းဖြင့်။ ဧကဝီသတိဝိဓာ၊ နှစ်ဆယ့်တပါးအပြားရှိသော ရှာမှီးခြင်းရင်း။ ဇေ၊ သို့။ ပဝတ္တာ၊ ဖြစ်သော။

သဗ္ဗာပိ၊ သော။ အနေသနာ၊ မလျောက်ပတ်သောရှာမှီးခြင်းသည်။ အနရိယပရိယေသနာယေဝ၊ မည်သည်သာလျှင်တည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။
ဘိက္ခဝေ၊ တို့။ အရိယပရိယေသနာ၊ မြတ်သောရှာမှီးခြင်းဟူသည်။ ကတမာစ၊ ကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဥ။ ဧကစ္စော၊ သည်။ အတ္တနာ၊ သည်။ ဇာတိဓမ္မော၊ ရှိသည်။သမာနော၊ လျက်။ဇာတိဓမ္မေ၊ ဥ။ အာဒီနဝံ ဒုပြစ်ကို။ ဝိဒိတွာ၊ သိ၍။ အဇာတံ၊ ဖြစ်ခြင်းမရှိသော။ အနုတ္တရံ၊ အတုမရှိသော။ယောဂက္ခေမံ၊ယောဂလေးပါးတို့၏ မရှိရာဖြစ်သော။ နိဗ္ဗာနံ၊ ကို။ ပရိယေသတိ၊ ၏။ ဒုတ္တနာ၊ သည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ သမာနော၊ လျက်။ ဗျာဓိမရဏသောက သံကိလေသဓမ္မော၊ ဖျားနာခြင်းသဘော သေခြင်းသဘော စိုးရိမ်ခြင်းသဘော ညစ်ညူးပူပန်ခြင်းသဘောရှိသည်။ သမာနော၊လျက်။ သံကိလေသဓမ္မေ၊ ညစ်ညူးပူပန်ခြင်းသဘော၌။ အာဒီနဝံ၊ ကို။ ဝိဒိတွာ၊ ၍။ အသံကိလိဋ္ဌံ၊ ညစ်ညူးပူပန်ခြင်းမရှိသော။ အနုတ္တရံ၊ သော။ ယောဂက္ခေမံ၊ သော။ နိဗ္ဗာနံ၊ ကို။ ပရိယေသတိ၊၏။ ဘိက္ခဝေ၊ တို့။ အယံပရိယေသနာ၊ သည်။ အရိယပရိယေသနာ၊ မြတ်သောရှာမှီးခြင်းမည်၏။ ဝါ၊အပြစ်မရှိသောရှာမှီးခြင်းမည်၏။ ဝါ၊ အရိယာသူတော်ကောင်းတို့သည် ရှာမှီးအပ်သောအကျင့်မည်၏။

အပိစ၊ တနည်းလည်း။ ပဥ္စ၊ ကုန်သော။ ကုဟနာဒီနိ၊ အံ့ဘွယ်သရဲကို ဖြစ်စေခြင်းစသည်တို့ကိုငှင်း။ ဆ၊ ကုန်သော။ အဂေါစရေ၊ မကျက်စားအပ်သည်တို့ကိုငှင်း။ကေဝိသတိဝိဓံ၊ နှစ်ဆယ့်တပါးအပြားရှိသော။ အနေသနဥ္စ မလျောက်ပတ်သောရှာမှီးခြင်းကိုငှင်း။ ဝဇ္ဇေတွာ၊ ကြဉ်၍။ ဘိက္ခာစရိယာယ၊ ဆွမ်းခံခြင်းဖြင့်။ ဓမ္မေန၊ နှင့်။ သမေန၊ ညီသဖြင့်။ ပရိယေသနာပိ၊ ရှာမှီးခြင်းသည်လည်း။ အရိယပရိယေသနာယေဝ၊ သည်သာလျှင်တည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

စ၊ ဆက်၍ဆိုဦးအံ့။ တတ္ထ၊ ဤကာယသမာစာရ ဝစီသမာစာရ အရိယပရိယေသန အနရိယပရိယေသနတို့တွင်။ ဗ်ယာယော၊ အကြင်အကြင် ကိုယ်နှုတ်အကျင့်ကို။ နသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ဣတိ၊ သို့။ ဝုတ္တော၊ ဟောတော်မူအပ်၏။သောသော၊ထိုထိုကိုယ်အကျင့် နှုတ်အကျင့်ကို။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ ပါဏာတိပါတာဒိနံ၊ သူ့အသက်ကို လျင်စွာချခြင်း အစရှိသည်တို့၏။

သမ္ဘာရပရိယေသနပယောဂကရဏဂမနကာလတော၊ အဆိပ် လက်နက်စသောအဆောက်အဦကို ရှာမှီးသောအခါ သတ်ခြင်းအစရှိသည်တို့အား လျောက်ပတ်သော လုံ့လကိုပြုသောအခါ သတ်ခြင်းစသော အကျိုးငှာ သွားသောအခါမှ။ ပဋ္ဌာယ၊ ၍။ နသေဝိတဗ္ဗာဝ၊ သာတည်း။ ဣတရော၊ ဤမှတပါးသောကိုယ်အကျင့် နှုတ်အကျင့်ကို။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။သေဝိဘဗ္ဗာဝ၊ မှီဝဲအပ်သည်သာလျှင်တည်း။ အသက္ကောန္တေန၊ မစွမ်းနိုင်သော ရဟန်းသည်။ စိတ္တံပိ၊ စိတ်ကိုလည်း။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏။ အပိစ၊ တနည်းလည်း။ သံဃဘေဒါဒီနံ၊ သံဃာကိုခွဲခြင်းစသည်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ ပရက္ကမန္တာနံ၊ လုံ့လပြုကုန်သော။ ဒေဝဒတ္တာဒီနံ၊ ဒေဝဒတ်စသည်တို့၏။ ကာယသမာစာရောဝိယ၊ ကိုယ်အကျင့်ကဲ့သို့။ ကာယသမာစာရော၊ ကို။ နသေဝိတဗ္ဗော၊ အပ်။ ဒိဝသဿ၊ နေ့၏။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ်သုံးကြိမ်။ တိဏ္ဏံ၊ ကုန်သော။ ရတနာနံ၊ တို့အား။ ဥပဋ္ဌာနဂမနာဒိဝသေန၊ ခစားအံ့သောငှာ သွားခြင်းစသည်တို့၏ အစွမ်းဖြင့်။ ပဝတ္တော၊ သော။ ဓမ္မသေနာပတိမဟာမောဂ္ဂလ္လာနတ္ထေရာဒီနံ၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာထေရ် အရှင်မဟာမောဂ္ဂလ္လာန် ထေရ်စသည်တို့၏။ ကာယသမာစာရောဝိယ၊ ကိုယ်အကျင့်ကဲ့သို့။ ကာယသမာစာရော၊ ကို။ သေဝိတဗ္ဗော၊ ၏။ ဓနုဂ္ဂဟပေသနာဒိဝသေန၊ လေးသမား ယောကျ်ားကို စေခြင်း စသည်တို့၏ အစွမ်းဖြင့်။ ဝါစံ၊ နှုတ်ကို။ ဘိန္ဒန္တာနံ၊ ကုန်သော။ ဒေဝဒတ္တာဒီနံ၊ တို့၏။ ဝစီသမာစာရောဝိယ၊ ကဲ့သို့။ ဝစီသမာစာရော၊ ကို။ နသေဝိတဗ္ဗော၊ အပ်။ တိဏ္ဏံ၊ ကုန်သော။ ရတနာနံ၊ တို့၏။ ဂုဏကိတ္တနာဒိဝသေန၊ ဂုဏ်ကျေးဇူးကို ကြားခြင်းစသည်တို့၏ အစွမ်းဖြင့်။ ပဝတ္တော၊ သော။ ဓမ္မသေနာပတိ မဟာမောဂ္ဂလ္လာနတ္ထေရာဒီနံ၊ တို့၏။ ဝစီသမာစာရောဝိယ၊ ကဲ့သို့။ ဝစီသမာစာရော၊ ကို။ သေဝိတဗ္ဗော၊ ၏။ အနရိယပရိယေသနံ၊ သူတော်မဟုတ် သူယုတ်တို့၏ ရှာမှီးခြင်းကို။ ပရိယေသန္တာနံ၊ ကုန်သော။ ဒေဝဒတ္တာဒီနံ၊ တို့၏။ ပရိယေသနာဝိယ၊ ရှာမှီးခြင်းကဲ့သို့။ ပရိယေသနာ၊ ကို။ နသေဝိတဗ္ဗာ၊ အပ်။ အရိယပရိယေသနမေဝ၊ မြတ်သော ရှာမှီးခြင်းကိုသာလျှင်။ ဝါ၊ အပြစ်မရှိသော ရှာမှီးခြင်းကိုသာလျှင်။ ဝါ၊ အရိယာသူတော်ကောင်းတို့၏ ရှာမှီးခြင်းကိုသာလျှင်။ ပရိယေသန္တာနံ၊ ကုန်

သော။ ဓမ္မသေနာပတိမဟာမောဂ္ဂလ္လာနတ္ထေရာဒီနံ၊ တို့၏။ပရိယေသနာဝိယ၊ ကဲ့သို့။ ပရိယေသနာ၊ကို။ သေဝိတဗ္ဗာ၊ ၏။

**ဧဝံ ပဋိပန္နော ခေါ** တိ၊ ကား။ ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဧဝံ၊ သို့။ အသေဝိတဗ္ဗံ၊ မမှီဝဲအပ်သော။ ကာယဝစီသမာစာရဉ္စ၊ ကိုယ်အကျင့် နှုတ်အကျင့်ကိုရင်း။ ပရိယေသနဉ္စ၊ ကိုရင်း။ ပဟာယ၊ ပယ်၍။ သေဝိတဗ္ဗာနံ၊ မှီဝဲအပ်ကုန်သော ကိုယ်အကျင့် နှုတ်အကျင့် ရှာမှီးခြင်းတို့ကို။ ပါရိပူရိယာ၊ ပြည့်စေခြင်းငှာ။ ပဋိပန္နော၊ သော။ ဘိက္ခု၊ သည်။ ပါတိမောက္ခသံဝရာယ၊ ပါတိမောက္ခသံဝရသီလအလို့ငှာ။ ဥတ္တမဇေဋ္ဌကသီလသံဝရတ္ထာယ၊ ခပ်သိမ်းသောလောကီသီလတို့ထက် ကြီးမြတ်သောသီလအလို့ငှာ။ ပဋိပန္နောနာမ၊ ကျင့်သည်မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ အာဂမနီယ ပုဗ္ဗဘာဂပဋိပဒံ၊ ရောက်ကြောင်းဖြစ်သော ရှေးအဖို့၌ဖြစ်သောအကျင့်ကို။ ကထေသိ၊ ၏။

## ဣန္ဒြိယသံဝရဝဏ္ဏနာ

၃၆၅။ ဒုတိယပုစ္ဆာယံ၊ နှစ်ကြိမ်မြောက် မေးလျှောက်အပ်သော ပုစ္ဆာ၌။ **ဣန္ဒြိယသံဝရာယာ** တိ၊ ကား။ ဣန္ဒြိယာနံ၊ ၆ပါးစုသော ဣန္ဒြေတို့ကို။ ပိဓာနာယ၊ ပိတ်ခြင်းငှာ။ ဂုတ္တဒွါရတာယ၊ လုံသောတံခါးရှိသည်၏အဖြစ်ငှာ။ သံဝုတဒွါရတာယ၊ ပိတ်အပ်သော တံခါးရှိသည်၏အဖြစ်ငှာ။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ **ပန၊** ဆက်၍ဆိုဦးအံ့။ အဿ၊ ထိုကထံ ပဋိပန္နော ခေါ ပန မာရိသာ စသောပုစ္ဆာစကား၏။ ဝိဿဇ္ဇနေ၊ အဖြေ၌။ စက္ခုဝိညေယျရူပံပိတိအာဒိ၊ကို။သေဝိတဗ္ဗ ရူပါဒိဝသေန၊ မှီဝဲအပ်သော ရူပါရုံစသည်တို့၏အစွမ်းဖြင့်။ ဣန္ဒြိယသံဝရဒဿနတ္ထံ၊ ဣန္ဒြိယသံဝရ သီလကိုပြခြင်းငှာ။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုစက္ခုဝိညေယျစသောအဖြေ၌။ **ဧဝံ ဝုတ္တေ** တိ၊ ကား။ ဟေဋ္ဌာ၊ ၌။ သောမနဿာဒိပဉှာဝိဿဇ္ဇနာနံ၊ သောမနဿစသော ပြဿနာတို့၏အဖြေတို့ကို။သုတတ္တာ၊ကြားအပ်သည်၏အဖြစ်ကြောင့်။ဣမိနာပိ၊ ဤရူပါရုံစသောတရားသည်လည်း။ ဝေဠုဝေနေဝ၊ ဤကာယသမာစာရစသည်တို့နှင့်တူသော သဘောရှိသည်သာလျှင်။ ဘဝိတဗ္ဗံ၊ ၏။ ဣတိ၊ သို့။ သဉ္ဇာတပဋိဘာနော၊ ကောင်းစွာဖြစ်သော ဉာဏ်အထင်ရှိသည်ဖြစ်၍။

ဘဂဝတာ၊ သည်။ ဝေံ၊ သို့။ ဝုတ္တေ၊ သော်။ ဒေဝါနမိန္ဒော၊ သော။ သက္ကော၊ သည်။ ဘဂဝန္တံ၊ ကို။ တော်ဝစနံ၊ ကို။ အဝေါစ၊ ၏။ ဣမဿ ဝေါ အဟံ ဘန္တေ တိအာဒိကံ၊ ဤသို့စသော။ တော်ဝစနံ၊ ကို။ အဝေါစ၊ လျှောက်၏။ (တော် ဣမဿ ဝေါ စသည်ဖြင့် တေဒဝေါစကိုပင် ဖွင့်ပြန်သည်)။ ဘဂဝါပိ၊ သည် လည်း။ အဿ၊ ထိုသိကြားမင်းအား။ ဩကာသံ၊ အခွင့်ကို။ ဒတွာ၊ ပေး၍။ တုဏှီ၊ ဆိတ်ဆိတ်နေတော်မူသည်။ အဟောသိ၊ ၏။ ဟိ၊ဗျတိရိက်ဖြင့် ထင်စွာ ပြဦးအံ့။ ကဒထေဘုကာမောပိ၊ ဆိုခြင်းငှာအလိုရှိသော်လည်း။ ယော၊ အကြင်သူသည်။ အတ္ထံ၊ အနက်ကို။ သမ္ပာဒေတုံ၊ ပြည့်စုံစေခြင်းငှာ။ နသက္ကောတိ၊ နိုင်။ အတ္ထံ၊ ကို။ သမ္ပာဒေတုံ၊ ပြည့်စုံစေခြင်းငှာ။ သက္ကောန္တော ဝါ၊ တတ်နိုင်သောသူသည်လည်း။ ကထေတုကာမော၊ ဆိုခြင်းငှာအလိုရှိ သည်။ နဟောတိ၊ မဖြစ်။ တဿ၊ ထိုသူအား။ ဘဂဝါ၊ သည်။ ဩကာသံ၊ အခွင့်ကို။ နကရောတိ၊ ပြုတော်မမူ။ အယံပန၊ ဤသိကြားမင်းသည်ကား။ ယသ္မာ၊ ကြောင့်။ ကထေတုကာမောစ၊ ဆိုခြင်းငှာ အလိုရှိသည်လည်း။ ဟောတိ၊ ၏၊ အတ္ထံ၊ ကို။ သမ္ပာဒေတုံ၊ ငှာ။ သက္ကောတိစ၊ စွမ်းလည်းစွမ်းနိုင် ၏။ တေန၊ ကြောင့်။ အဿ၊ ထိုသိကြားမင်းအား။ ဘဂဝါ၊ သည်။ ဩကာ သံ၊ ကို။ အကာသိ၊ ၏။

တတ္ထ၊ ထိုသိကြား၏အပြောစကားဌ်။ ဝေရူပံ နသေဝိတဗ္ဗန္တိအာဒိသု၊ တို့ဌ်။ အယံ၊ တဲ့သည်ကား။ သင်္ခေပေါ၊ အကျဉ်းတည်း။ ယံရူပံ၊ အကြင်ရူပါ ရုံကို။ ပဿတော၊ ရှုသောပုဂ္ဂိုလ်အား။ ရာဂါဒယော၊ ရာဂစသောအကုသိုလ် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တံ၊ ထိုရူပါရုံကို။ နသေဝိတဗ္ဗံ၊ အပ်။နဒဋ္ဌဗ္ဗံ၊ မရှုအပ်။ နဩလောကေတဗ္ဗံ၊ မကြည့်အပ်။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။ ပန၊ ဗျတိရိက်ပုတပါးအနွယကိုဆိုဦးအံ့။ ယံရူပံ၊ ကို။ ပဿတော၊ အား။ အသုဘသညာဝါ၊ အသုဘသညာသည်လည်း။ သဏ္ဌာတိ၊ တည်၏။ ပသာဒေါဝါ၊ ဘုရားစသည်တို့၌ ကြည်ညိုခြင်းသည်လည်း။ ဝါ၊ ကံ ကံ၏ အကျိုးစသည်ကို ယုံကြည်ခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ၏။ အနိစ္စသညာ ပဋိလာဘောဝါ၊အနိစ္စသညာကို ရခြင်းသည်လည်း။ ဟောတိ၊ ၏။ တံရူပံ၊ ကို။ သေဝိတဗ္ဗံ၊ ၏။

စိတ္တက္ခရံပိ၊ ဆန်းကြယ်သောအက္ခရာဟု ဆိုအပ်သည့်လည်းဖြစ်သော။ စိတ္တဗျဉ္ဇနံ၊ ဆန်းကြယ်သော ဝါကျဟု ဆိုအပ်သည်လည်းဖြစ်သော။ ယံသဒ္ဒံ၊ အကြင် သဒ္ဒါရုံကို။သုဏာတော၊နာသောပုဂ္ဂိုလ်အား။ရာဂါဒယော၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဧဝရူပေါ၊သော။ သဒ္ဒေါ၊ ကို။ နသေဝိတဗ္ဗော၊ အပ်။ အတ္ထနိဿိတံ၊ တမလွန်ဘဝ၌ ဖြစ်သောအကျိုးကိုမှီသော။ ဓမ္မနိဿိတံ၊ လောကုတ္တရာတရားကို မှီသော။ ဝါ၊ လောကုတ္တရာတရားနှင့်စပ်သော။ ယံသဒ္ဒံ၊ ကို။ ကုမ္ဘဒါသိဂီတံပိ၊ အိုးထိန်းကျွန်မ၏ သီချင်းကိုလည်း။ သုဏန္တဿ၊ နာသောပုဂ္ဂိုလ်အား။ ပသာဒေါဝါ၊ သည်လည်း။ ဥပ္ပဇ္ဇတိ၊ ၏။ နိဗ္ဗိဒါဝါ၊ အနိစ္စသညာစသည်တို့၏ အစွမ်းဖြင့် ဝဋ္ဋတရား၌ငြီးငွေ့ခြင်းသည်လည်း။ သဏ္ဌာတိ၊ တည်၏။ ဧဝရူပေါ၊ သော။ သဒ္ဒေါ၊ ကို။ သေဝိတဗ္ဗော၊ ၏။

ယံဂန္ဓံ၊ ကို။ဃာယတော၊ယူသောပုဂ္ဂိုလ်အား။ဝါ၊နမ်းသောပုဂ္ဂိုလ်အား။ ရာဂါဒယော၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ကုန်၏။ ဧဝရူပေါ၊သော။ ဂန္ဓော၊ ကို။ နသေဝိတဗ္ဗော၊ အပ်။ ယံပနဂန္ဓံ၊ ကို။ ဃာယတော၊ အား။ အသုဘသညာဒိပဋိလာဘော၊ အသုဘသညာစသည်ကိုရခြင်းသည်။ ဟောတိ၊ ၏။ ဧဝရူပေါ၊ သော။ ဂန္ဓော၊ ကို။ သေဝိတဗ္ဗော၊ ၏။

ယံရသံ၊ အကြင်ရသာရုံကို။ သာယတော၊ လျက်သောပုဂ္ဂိုလ်အား။ ဝါ၊ သာယာသောပုဂ္ဂိုလ်အား။ ရာဂါဒယော၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဧဝရူပေါ၊ သော။ ရသော၊ ကို။ နသေဝိတဗ္ဗော၊ အပ်။ ယံပနရသံ၊ ကို။ သာယတော၊ အား။ အာဟာရေ၊ အစာအာဟာရ၌။ ပဋိကူလသညာစေဝ၊ စက်ဆုပ်ရွံရှာဘွယ်ရှိ၏ဟူသော အမှတ်သညာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ၏။ သာယိတပစ္စယာစ၊ သာယာခြင်း တည်းဟူသောအကြောင်းကြောင့်လည်း။ကာယဗလံ၊ ကာယဗလကို။ နိဿာယ၊ မှီ၍။ အရိယဘူမိံ၊အရိယာဘုံသို့။ ဩက္ကမိတုံ၊ သက်ခြင်းငှာ။ သက္ကောတိ၊ နိုင်၏။ ပရိဘုဉ္ဇန္တဿေဝ၊ သုံးဆောင်ဆဲသာလျှင်ဖြစ်သော။ မဟာသီဝတ္ထေရဘာဂိနေယျသီဝသာမဏေရဿ၊ မဟာသီဝထေရ်၏ တူဖြစ်သော သီဝမည်သော သာမဏေအား။ ကိလေသက္ခယော၊ ကိလေသာတို့၏ကုန်ခြင်းသည်။ ဟောတိဝိယ၊ ကဲ့သို့။ ပရိဘုဉ္ဇန္တဿေဝ၊ သုံးဆောင်ဆဲသော ပုဂ္ဂိုလ်အားသာလျှင်။ ကိလေသက္ခယောဝါ၊ ကိလေသာတို့၏

ဍ္ဍာသယ ၄၁၅-၄၀

ကုန်ခြင်းသည်မှုလည်း။ ဟောတိ၊ ၏။ ဝေရူပေါ၊ သော။ ရသော၊ ကို။ သေဝိတဗ္ဗော၊ ၏။

ယံဧဝရူပံ၊ အကြင်ဖော်ဗွာရုံကို။ ဖုသတော၊ထိသောပုဂ္ဂိုလ်အား။ ရာဂါဒယော၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဝေရူပံ၊ သော။ ဖောဋ္ဌဗ္ဗံ၊ ကို။ နသေဝိတဗ္ဗံ၊ အပ်။ ယံဖောဋ္ဌဗ္ဗံ၊ကို။ ဖုသတော၊ ထိသောပုဂ္ဂိုလ်အား။ သာရိပုတ္တတ္ထေရာဒိနံ၊ အရှင်သာရိပုတ္တရာမထေရ် စသည်တို့အား။ အာသဝက္ခယော စေဝ၊ အာသဝေါတရားတို့၏ ကုန်ခြင်းသည်ရင်း။ ဝီရိယံ၊ ဝီရိယကို။ သုပဂ္ဂဟိတဉ္စ၊ ကောင်းစွာ ချီးပင့်အပ်သည်ရင်း။ ပစ္ဆိမာဇနတာ၊ နောင်လာရဟန်းအပေါင်းကို။ ဒိဋ္ဌာနုဂတိံ၊ မြင်ဘူးသည့်သို့ အစဉ်လိုက်ခြင်းသို့။ အာပါဒနေန၊ ရောက်စေသဖြင့်။ အနုဂ္ဂဟိတာစ၊ ချီးမြှင့်အပ်သည်ရင်း။ ဟောတိဝိယ၊ ကဲ့သို့။ အာသဝက္ခယော စေဝ၊ သည်ရင်း။ ဝီရိယံ၊ ကို။ သုပဂ္ဂဟိတဉ္စ၊ ကောင်းစွာချီးပင့်အပ်သည်ရင်း။ ဟောတိ၊ ၏။ပစ္ဆိမာဇနတာ၊ ကို။ဝါ၊သည်။ ဒိဋ္ဌာနုဂတိံ၊ သို့၊ အာပါဒနေန၊ ဖြင့်။အနုဂ္ဂဟိတာစ၊ချီးမြှင့်အပ်သည်လည်း။ ဟောတိ၊ ၏၊ ဝေရူပံ၊ သော။ဖောဋ္ဌဗ္ဗံ ကို။ သေဝိတဗ္ဗံ၊ ၏။ ကိရ-ဝိတ္ထာရေမိ၊ အံ့။ သာရိပုတ္တတ္ထေရော၊ အရှင်သာရိပုတ္တရာမထေရ်သည်။ တိံသဝဿာနိ၊ အနှစ်သုံးဆယ်တို့ပတ်လုံး။ မဉ္စေ၊ ညောင်စောင်း၌။ ပိဋ္ဌိံ၊ ကျောက်ကုန်းကို။ နပသာရေသိ၊ မဆန့်။ တထာ၊ ထိုအတူ။ မဟာမောဂ္ဂလ္လာနတ္ထေရော၊ သည်။ တိံသဝဿာနိ၊ တို့ပတ်လုံး။ မဉ္စေ၊ ၌။ ပိဋ္ဌိံ၊ ကို။ နပသာရေသိ၊ မဆန့်။ မဟာကဿပတ္ထေရော၊ သည်။ ဝီသဝဿသတံ၊ အနှစ်တရာ့နှစ်ဆယ်ပတ်လုံး။ မဉ္စေ၊ ၌။ပိဋ္ဌိံ၊ ကို။ နပသာရေသိ၊မဆန့်။ အနုရုဒ္ဓတ္ထေရော၊ သည်။ ပညာသဝဿာနိ၊ အနှစ်ငါးဆယ်တို့ပတ်လုံး။ မဉ္စေ၊ ၌။ ပိဋ္ဌိံ၊ ကို။ နပသာရေသိ၊ မဆန့်။ ဘဒ္ဒိယတ္ထေရော၊ သည်။ တိံသဝဿာနိ၊ အနှစ်သုံးဆယ်တို့ပတ်လုံး။ မဉ္စေ၊ ၌။ ပိဋ္ဌိံ၊ ကို။ နပသာရေသိ၊ ဆန့်။ သောဏတ္ထေရော၊ သည်။ အဋ္ဌာရသဝဿာနိ၊ တဆယ့်ရှစ်နှစ်တို့ပတ်လုံး။ မဉ္စေ၊ ၌။ ပိဋ္ဌိံ၊ ကို။ နပသာရေသိ၊ ဆန့်။ ရဋ္ဌပါလတ္ထေရော၊ သည်။ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ်တို့ပတ်လုံး။မဉ္စေ၊ ၌။ ပိဋ္ဌိံ၊ ကို။ နပသာရေသိ၊မဆန့်။ အာနန္ဒတ္ထေရော၊ သည်။ ပန္နရသဝဿာနိ၊ တဆယ့်ငါးနှစ်တို့ပတ်လုံး။ မဉ္စေ၊ ၌။ ပိဋ္ဌိံ၊ ကို။ နပသာရေသိ၊ မဆန့်။ ရာဟုလတ္ထေရော၊ သည်။ ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ်တို့ပတ်လုံး။ မဉ္စေ၊ ၌။ ပိဋ္ဌိံ၊ကို။

နပသာရေသိ၊ မဆန္န်။ ဗာကုလတ္တေရော၊ သည်။အသိတိဝဿာနိ၊ အနှစ်ရှစ်ဆယ်တို့ ပတ်လုံး။ မဥ္စေ၊ ၌။ ပိဋ္ဌိံ ၊ ကို။ နပသာရေသိ၊ မဆန့်။ နာဠကတ္တေရော၊သည်။ ယာဝပရိနိဗ္ဗာနာ၊ တိုင်အောင်။ မဉ္စေ၊၌။ပိဋ္ဌိံ ၊ ကို။ နပသာရေသိ၊ မဆန့်။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

မနောဝိညေယျေ၊ မနောဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဓမ္မေ၊ အကြင်ဓမ္မာရုံတို့ကို။ သမန္တာပာသာဒိကာ၊ နှလုံးသွင်းသောပုဂ္ဂိုလ်အား။ ရာဂါဒယော၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ''ပရေသံ၊ သူတပါးတို့၏။ ယံပရစိတ္တူပကရဏံ၊ အကြင်လွှန်စွာနှစ်သက်ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သောအဆောက်အဦသည်။ အတ္ထိ၊ ၏။ တံပရစိတ္တူပကရဏံ၊ သည်။ မမ၊ အား။ အဿ၊ ဖြစ်ပါမူကား။ အဟောဝတ၊ ဩော် ကောင်းလေစွ''။ဣတိအာဒိနာ၊ သော။ နယေနဝါ၊ ဖြင့်မူလည်း။ သမန္တာပာသာဒိကာ၊ အား။ မနောဝိညေယျာ၊ ကုန်သော။ ယေဓမ္မာ၊ တို့သည်။ အဘိဇ္ဈာဒိနံ၊ တို့အား။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ကုန်၏။ ဝေရူပါ၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။

**မှတ်ချက်**-ဤသို့ သမန္တာပာသာဒိကာဟူသောပုဒ်ကို ပကတိအတိုင်း အလိုက်ခံ၊ ယေ မနောဝိညေယျေ ဓမ္မေကို ယေ မနောဝိညေယျာဓမ္မာဟု ဝိဘတ်ပြန်၍ အလိုက်ခံ၍ သမ္ဗန်၊ အဘိဇ္ဈာဒိနံဟု ပဌမာဗဟုဝစနန္တ ကတ္တားမ၏အဖြစ်ဖြင့် စာအများပင်ရှိကြ၏၊ ''အာပါထံ အာဂစ္ဆန္တိ မနောဝိညေယျာ ဓမ္မာတိ ဝိဘတ္တိဝိပရိဏာမေတဗ္ဗာ'' ဟု ဋီကာသခင် အရှင်မြတ်သည် မနောဝိညေယျာဓမ္မာဟု ပဌမာဗဟုဝစနန္တ ကတ္တားပုဒ်ကိုလိုက်စေဟု ဆုံးဖြတ်တော်မူသောကြောင့် ပဌမာဗဟုဝစနန္တ ကတ္တားအဖြစ်ဖြင့် မနေသင့်။

''သဗ္ဗေ၊ ကုန်သော။ သတ္တာ၊ တို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ကုန်သတည်း''။ဣတိ၊ သို့။ မေတ္တာဒိဝသေန၊ ဖြင့်။ သမန္တာပာသာဒိကာ၊ အား။ မနောဝိညေယျာ၊ ကုန်သော။ ယေဓမ္မာ၊ တို့သည်။ မေတ္တာဒိနံ၊ တို့အား။ အာပါထံ၊ သို့။ အာဂစ္ဆန္တိ၊ ကုန်၏။ ဝေရူပါ၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ သေဝိတဗ္ဗာ၊ ကုန်၏။ (ဤသို့ အလိုက်ခံ၍သမ္ဗန်)။ ပန၊ တပါး။ တိဏ္ဏံ၊ ကုန်သော။ ထေရာနံ၊ တို့၏၊ ယေဝါဓမ္မာ၊ အကြင်ဓမ္မာရုံ တရားတို့သည်လည်း။ သန္တိ၊ ကုန်၏။ ဝေရူပါ၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ သေဝိတဗ္ဗာ၊ ကုန်၏။

ကိရ-ဝိတ္ထာရေမိ၊ အံ့။ တယော၊ ကုန်သော။ ထေရာ၊ တို့သည်။ ဝဿူပနာယိကဒိဝသေ၊ ဝါဆိုကပ်အံ့သောနေ့၌။ ကာမဝိတက္ကာဒယော၊ ကုန်သော။ အကုသလဝိတက္ကာ၊ တို့ကို။ နဝိတက္ကေတဗ္ဗာ၊ မကြံအပ်ကုန်။ ဣတိ၊ သို့။ ကတိကံ၊ အချိန်းအချက်ကို။ အကံသု၊ ကုန်၏။အထ၊ ထိုနောက်မှ။ ပဝါရဏာဒိဝသေ၊ ပဝါရဏာနေ့၌။ သံဃတ္ထေရော၊ သည်။ သံဃနဝကံ၊ ကို။ ပုစ္ဆိ၊ ၏။ ကိံ ပုစ္ဆိ၊ ကား။ "အာဝုသော၊ ရှင်။ ဣမသ္မိံ တေမာသေ၊ ဤဝါတွင်းသုံးလ၌။ ကိတ္တကေ၊ အဘယ်မျှလောက်သော။ ဌာနေ၊ ၌။ စိတ္တဿ၊ အား။ ဝေဝိတုံ၊ ပြေးစိမ့်သောငှါ။ ဒိန္နံ၊ အပ်သနည်း"။ ဣတိ၊ သို့။ ပုစ္ဆိ၊ ၏။ ဘန္တေ၊ ရား။ ပရိဝေဏဒွါရဇ္ဈေဒတော၊ ပရိဝုဏ်အပိုင်းအခြားမှ။ ဗဟိ၊ သို့။ ဝေဝိတုံ၊ ငှါ။ နအဒါသိံ၊ မပေး။ ဣတိ၊ သို့။ အာဟ၊ ၏။ ဒုတိယံ၊ ဒုတိယမထေရ်ကို။ "အာဝုသော၊ ရှင်။ တဝ၊ အား။ ဝါ၊ ၏။ ဣမသ္မိံ တေမာသေ၊ ၌။ ကိတ္တကေ၊ သော။ ဌာနေ၊ ၌။ စိတ္တဿ၊ အား။ ဝေဝိတုံ၊ ငှါ။ ဒိန္နံ၊ နည်း"။ ဣတိ၊သို့။ ပုစ္ဆိ၊ ၏၊ (ဤသို့ အလိုက်ခံ၍သမွန်)။ ဘန္တေ၊ အရှင်ဘုရား။ နိဝါသနဂေဟတော၊ နေရာဘိုက်ခန်းမှ။ ဗဟိ၊ သို့။ ဝေပိတုံ၊ ငှါ။ နအဒါသိံ၊ ပေး။ ဣတိ၊ သို့။ အာဟ၊ ၏။ အထ၊ ထိုနောက်မှ၊ ဒွေပိ၊ နှစ်ယောက်သော ရဟန်းတို့သည်လည်း။ ထေရံ၊ ကို။ "ဘန္တေ၊ ရား။ တုမှာကံ၊ တို့အား။ ဝါ၊ တို့၏။ ဝါ၊ တို့သည်။ ဣမသ္မိံ တေမာသေ၊ ၌။ ကိတ္တကေ၊ သော။ ဌာနေ၊ ၌။ စိတ္တဿ၊အား။ ဝေဝိတုံ၊ ငှါ။ ဒိန္နံ၊ နည်း"။ ဣတိ၊ သို့။ ပုစ္ဆိံသု၊ ကုန်၏။ အာဝုသော၊ တို့။ နိယကဇ္ဈတ္တခန္ဓပဉ္စကတော၊ မိမိသန္တာန်၌ မြဲသောအတ္တဘောကို စွဲ၍ဖြစ်သော ခန္ဓာငါးပါးမှ။ ဗဟိ၊ သို့။ ဝေဝိတုံ၊ ငှါ။ နအဒါသိံ၊ ပေး။ ဣတိ၊ သို့။ အာဟ၊ ၏။ ဘန္တေ၊ ရား။ တုမှေဟိ၊ တို့သည်။ ဒုက္ကရံ၊ ပြုခဲစွာသောအမှုကို။ ကတံ၊ ပြုတော်မူပေနိုင်၏။ ဣတိ၊ သို့။ အာဟံသု၊ ကုန်၏။ ဧဝရူပေ၊ သော။ မနောဝိညေယျော၊ သော။ ဝမ္မော၊ ကို။ သေဝိတဗ္ဗော၊ အပ်၏။

၃၆၆။ ကေန္တဝါဒါဘိ၊ ကား။ ဧတေသံ၊ ထိုရဟန်း, ပုဂ္ဂိုလ်တို့၏။ ဝါဒဿ၊ အယူ၏။ ကောဋ္ဌာသော၊ သော။ အန္တော၊ အပိုင်းအခြားသည်။ အတ္ထိ၊ ၏။ ဒွေဝေဂတဝါဒါ၊ နှစ်ပါးအပြားဖြင့်ဖြစ်သော ဝါဒတို့သည်။ နသန္တိ၊ ကုန်။ ဣတိတဿ၊ ကြောင့်။ ဧတေသမဏဗြာဟ္မဏာ၊ တို့သည်။ ဧကန္တဝါဒါ၊ မည်ကုန်၏။ ဧကံဝေ၊ တူသောအယူစကားကိုသာလျှင်။

ဝဒန္တိ၊ ကုန်သလော။ ဣတိ၊ သို့။ ပုစ္ဆိ၊ ၏။ ကေန္တသီလာတိ၊ ကား။ ကော စာရာ၊ တူသောအကျင့်ရှိကုန်သလော။ ကေန္တဆန္ဒာတိ' ကား။ ကေလဒ္ဒိကာ၊ တူသောအယူရှိကုန်သလော။ ကေန္တအဇ္ဈောသာနာတိ၊ ကား။ ကေပရိယော သာနာ၊ တူသောနိဗ္ဗာန်ဟူသော အပြီးအဆုံးရှိကုန်သလော။

အနေကဓာတု နာနာဓာတု ခေါ ဒေဝါနမိန္ဒ လောကောတိ၊ ကား။ ဒေဝါနမိန္ဒ၊ မင်း။ အယံလောကော၊ ဤသတ္တဝါအပေါင်းသည်။ အနေ ကဇ္ဈာသယော၊ များစွာသော အလိုနှလုံးသွင်းရှိ၏။ နာနဇ္ဈာသယော၊ အထူးထူးသော အလိုနှလုံးသွင်းရှိ၏။ ကေသိံ့၊ တယောက်သောသူသည်။ ဂန္တုကာမေ၊ သွားလိုသည်ရှိသော်။ ဧကော၊ သူသည်။ ဌာတုကာမော၊ ရပ် လိုသည်။ ဟောတိ၊ ၏။ ကေသိံ့၊ သည်။ ဌာတုကာမေ၊ သော်။ ဧကော၊ သည်။ သယိတုကာမော၊ လျောင်းလိုသည်။ ဟောတိ၊ ၏။ ကေဇ္ဈာသယာ၊ တူသောအလိုရှိကုန်သော။ ဒွေသတ္တာနာမ၊ မည်သည်တို့ကို။ ဒုလ္လဘာ၊ ရခဲ ကုန်၏။ အနေကဓာတု နာနာဓာတုသို့၊ များစွာသောအလိုသဘော အထူး ထူးသော အလိုသဘောရှိသော။ တသ္မိံလောကေ၊ ၌။ ယံယဒေဝဓာတုံ၊ အကြင်အကြင် သဿတစသော အလိုသဘောကို။ ယံယဒေဝအဇ္ဈာသယံ၊ အကြင်အကြင် သဿတစသောအလိုကို။ သတ္တာ၊ တို့သည်။ အဘိနိဝိသန္တိ၊ ပြင်းစွာနှလုံးသွင်းကုန်၏။ ဂဏှန္တိ၊ ကုန်၏။ တံတဒေဝ၊ ထိုသိုသဿတစသော အလိုသဘောကိုသာလျှင်။ ထာမသာ၊ ဒိဋ္ဌိတည်းဟူသော အစွမ်းဖြင့်။ ပရာ မာသာ၊ဒိဋ္ဌိတည်းဟူသော မှားသောအားဖြင့် သုံးသပ်ခြင်းဖြင့်။အဘိနိဝိဿ၊ ပြင်းစွာနှလုံးသွင်း၍။ ဝေါဟရန္တိ၊ ခေါ်ဝေါ်ကုန်၏။ (ဤသို့ ပါဠိတော်မှ ဆောင်၍ ပြည့်စုံအောင်သမ္ဗန်)။ ထာမသာ ပရာမာသာစာတိ၊ကား။ထာမေ နစ၊ ဒိဋ္ဌိဟူသောအစွမ်းဖြင့်ရင်း။ ပရာမာသေနစ၊ ဖြင့်ရင်း။ အဘိနိဝိဿ ဝေါဟရန္တီတိ၊ကား။ သူဤ၊ကောင်းစွာ။ဝါ၊မြဲမြံစွာ။ ဂဏှိတွာ၊၍။ ဝေါဟရန္တိ ကထေန္တိ၊ ကုန်၏၊ ဒီပေန္တိ၊ ပြကုန်၏။ ကိတ္တေန္တိ၊ ကြားကုန်၏။ ဝါ၊ ကြွေး ကြော်ကုန်၏။ ဣဒမေဝ သစ္စံ မောဃမညန္တိ၊ ကား။ အမှာကမေဝ၊ တို့၏သာ လျှင်။ ဣဒံဝစနံ၊ သည်။ သစ္စံ၊ ၏၊ အညေသံ၊ သူတို့၏။ ဝစနံ၊ သည်။ မောဃံ တုစ္ဆံ၊ အချည်းနှီးတည်း။ နိရတ္ထကံ၊ အကျိုးမရှိ။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။ (အတ္ထောကား ပါဌသေသ)။

အစ္စန္တနိဋ္ဌာတိဝေါ၊ ဍ်။ ဝိနာသော၊ ပျက်စီးခြင်းကို။ အန္တော၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဧတေသံ၊ ထိုရဟန်း,ပုဏ္ဏားတို့အား။ အန္တံ၊ ပျက်စီးခြင်းကို။ အဟိတာ၊ လွန်ကုန်သော။ နိဋ္ဌာ၊ နိဗ္ဗာန်ဟူသော အပြီးအဆုံးတို့သည်။ သန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ကြောင့်။ တေသမဏဗြာဟ္မဏာ၊ တို့သည်။ အစ္စန္တနိဋ္ဌာ၊ ကုန်၏။ ဧတေသံ၊ ထိုရဟန်း, ပုဏ္ဏားတို့၏။ ယာနိဋ္ဌာ၊ တို့သည်။ ယောပရမဿာသော၊ အကြင်လွန်မြတ်သော သက်သာရာသည်။ ယံနိဗ္ဗာနံ၊ သည်။ အတ္ထိ၊ ၏။ (ယံ ကား လိင်ပြန်၍လိုက်)။ သဗ္ဗေသံ၊ ပုဂ္ဂိုလ်တို့၏။ ဝိနာသာ တိက္ကန္တံ၊ ပျက်စီးခြင်းကိုသာလွန်သော။ တံ၊ ထိုနိဗ္ဗာန်ကို။ နိစ္စန္တိ၊ ၍။ ဝုစ္စတိ၊ အပ်၏။ ယောဂက္ခေမောတိ၊ ဟူသောအမည်သည်။ နိဗ္ဗာနဿေဝ၊ ၏လျှင်။ နာမံ၊ တည်း။ ဧတေသံ၊ ထိုနိဗ္ဗာန်တို့အား။ အစ္စန္တော၊ ပျက်စီးခြင်းကိုလွန်သော၊ ယောဂက္ခေမော၊ ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာဖြစ်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ အစ္စန္တယောဂက္ခေမိ၊ မည်၏။ သေဋ္ဌဋ္ဌေန၊ ပြတ်သော အနက်သဘောသတ္တိကြောင့်။ ဗြဟ္မံ၊ မြတ်သော။ အရိယမဂ္ဂံ၊ ကို။ စရန္တိ၊ ကျင့်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ဗြဟ္မစာရိ၊ မည်ကုန်၏။ အစ္စန္တတ္တာယ၊ ပျက်စီးခြင်းကိုလွန်ခြင်းငှာ။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်ကုန်သည်ဘို့တည်း။ အစ္စန္တဗြဟ္မစာရိ၊ တို့။ ပရိယောသာနန္တိပိ၊ သည်လည်း။ နိဗ္ဗာနဿ၊ ၏။ နာမံ၊ တည်း။ ဧတေသံ၊ တို့အား။ အစ္စန္တံ၊ သော။ ပရိယောသာနံ၊ နိဗ္ဗာန်ဟူသောအဆုံးသည်။ အတ္ထိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ အစ္စန္တပရိယောသာနာ၊ ကုန်၏။

တဏှာသင်္ခယဝိမုတ္တာဘိဝေါ၊ ဍ်။ မဂ္ဂေါပိ၊ အရိယမဂ်ကိုရင်း။ နိဗ္ဗာနံပိ၊ ကိုရင်း။ တဏှာသင်္ခယောတိ၊ ၍။ ဝုစ္စတိ၊ ၏။ မဂ္ဂေါ၊ သည်။ တဏှံ၊ ကို။ သံခိဏာတိ၊ ကုန်စေတတ်၏။ ဝိနာသေတိ၊ ပျက်စီးစေတတ်၏။ ဣတိဣမိနာ ဝစနေန၊ ကြောင့်။ တဏှာသင်္ခယော၊ မည်၏။ နိဗ္ဗာနံ၊ သည်။ ယသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ တဏှာ၊ သည်။ သံခိယတိ၊ ကုန်၏။ ဝိနဿတိ၊ ပျက်၏။ တသ္မာ၊ ကြောင့်။ တဏှာသင်္ခယော၊ မည်၏။ တဏှာသင်္ခယေန၊ တဏှာကိုကုန်စေတတ်သော။ မဂ္ဂေန၊ အရိယာမဂ်ဖြင့်။ ဝိမုတ္တာ၊ လွတ်ကုန်၏။ ဝါ၊ ကား။ တဏှာသင်္ခယေ၊ သော။ နိဗ္ဗာနေ၊ ၌။ ဝိမုတ္တာ အဝိမုတ္တာ၊ ညွတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တဏှာသင်္ခယဝိမုတ္တာ၊ မည်ကုန်၏။

၈၊ ဆက်အံ့။ ဧတ္တာဝတာ၊ အစဉ်ဖြင့်။ ဘဂဝတာ၊ သည်။ စုဒ္ဒသပိ၊သော။ မဟာပဉှာ၊ ကြီးမြတ်သောပြဿနာတို့ကို။ ဗျာကတာ၊ ဖြေတော်မူအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ စုဒ္ဒသ၊ ကုန်သော။ မဟာပဉှာနာမ၊ တို့မည်သည်ကား။ ဣဿာမစ္ဆရိယံ၊ သည်။ ကေ၊ သော။ ပဉှော၊ မည်၏။ ပိယာပိယံ၊ ချစ်အပ်သောသတ္တဝါ သခါရ မချစ်အပ်သောသတ္တဝါ သခါရသည်။ကော၊ သော။ပဉှော၊ ၏။ ဆန္ဒော၊ သည်။ ကော၊ သော။ ပဉှော၊ ၏။ ဝိတက္ကော၊ သည်။ ကော၊ သော။ ပဉှော၊ ၏။ ပပဉ္စော၊ သံသရာဝဋ်ကို ချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိတည်းဟူသောတရားအစုသည်။ ကော၊ သော။ ပဉှော၊ ၏။ သောမနဿံ၊ သည်။ ကော၊ သော။ပဉှော၊ မည်၏။ ဒေါမနဿံ၊ သည်။ ကော၊ သော။ပဉှော၊ ၏။ ဥပေက္ခာ၊ သည်။ ကော၊ သော။ ပဉှော၊ ၏။ ကာယသမာစာရော၊ ကိုယ်အကျင့်သည်။ ကော၊ သော။ ပဉှော၊၏။ ဝစီသမာစာရော၊ သည်။ ကော၊ သော။ ပဉှော၊ ၏။ ပရိယေသနာ၊ ရှာမှီးခြင်းသည်။ကော၊ သော။ ပဉှော၊ ၏။ ဣန္ဒြိယသံဝရော၊ သည်။ ကော၊ သော။ ပဉှော၊ ၏။ အနေကဓာတု၊ များစွာသော အလိုသဘောသည်။ ကော၊ သော။ ပဉှော၊ ၏။ အစ္စန္တနိဋ္ဌာ၊ ပျက်စီးခြင်းကို လွန်သောနိဗ္ဗာန်ဟူသော အပြီးအဆုံးရှိသော ပုဂ္ဂိုလ်တို့သည်။ ကော၊ သော။ ပဉှော၊၏။ဣတိဣမေ၊ တို့ကား။စုဒ္ဒသ၊ ကုန်သော။ မဟာပဉှာနာမ၊ ကုန်၏။

၃၆၇။ စလနဋ္ဌေန၊ တုန်လှုပ်တတ် တုန်လှုပ်စေတတ်သော အနက်သဘော သတ္တိကြောင့်။ တဏှာ၊ ကို။ ဧဇတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သာ၊ ထိုတဏှာသည်။ ပီဠနဋ္ဌေန၊ နှိပ်စက်တတ်သော အနက်သဘောသတ္တိကြောင့်။ ရောဂေါ၊ မည်၏။ အန္တော၊ အတွင်း၌။ ပဒုဿနဋ္ဌေန၊ အပြားအားဖြင့် ဖျက်ဆီးတတ်သော အနက်သဘောသတ္တိကြောင့်။ ဂဏ္ဍော၊ အိုင်းအနာမည်၏။ အနုပ္ပဝိသနဋ္ဌေန၊ အစဉ်အတိုင်း စူးဝင်တတ်သော အနက်သဘောသတ္တိကြောင့်။ သလ္လံ၊ ငြောင့်မည်၏။ တသ္မာ အယံ ပုရိသော၊ ဘတိ၊ ကား။ ယသ္မာ၊ ကြောင့်။ ဧဇာ၊ တဏှာသည်။ အတ္တနာ၊ သည်။ ကတကမ္မာနုရူပေန၊ ပြုအပ်သောကံအားလျော်သဖြင့်။ ပုရိသံ၊ ကို။ တတ္ထတတ္ထ၊ ထိုထိုဘဝ၌။ အဘိနိဗ္ဗတ္တနတ္ထာယ၊ ဖြစ်ခြင်းအကျိုးငှာ။ ကစ္ဆတိ၊ ငင်၏။ တသ္မာ၊ ကြောင့်။ အယံပုရိသော၊ သည်။ တေသံတေသံဘဝါနံ၊ တို့၏။ ဝသေန၊ဖြင့်။ ဥစ္စာဝစံ၊ မြတ်

သည်၏အဖြစ် ယုတ်သည်၏အဖြစ်သို့။ အာပဇ္ဇတိ၊ ၏။ ဗြဟ္မလောကေ၊ ၌။ ဥဠာရော၊ မြတ်သည်။ ဟောတိ၊ ၏။ ဒေဝလောကေ၊ ၌။ အဝရော၊ ယုတ်သည်။ ဟောတိ၊ ၏။ ဒေဝလောကေ၊ ၌။ ဥဠာရော၊ သည်။ ဟောတိ၊ ၏။ မနုဿလောကေ၊ ၌။ အဝရော၊ သည်။ ဟောတိ၊ ၏။ မနုဿလောကေ၊ ၌။ ဥဠာရော၊ သည်။ ဟောတိ၊ ၏။ အပါယေ၊ ၌။ နိဟီနော၊ သည်။ ဟောတိ၊ ၏။ယေဘုယျေန ဘဏ္ဍိတိ၊ ကား။ ဘဏ္ဍော၊ ရား။ အဟံ၊ သည်။ ယေသု၊ အကြင်ရဟန်း, ပုဏ္ဏားတို့၌။ ဧတ္ထ၊ ဤယေဘုယျ ဟူသောပုဒ်၌။ သန္ဓိဝသေန၊ ပုဒ်စပ်ခြင်း၏အစွမ်းဖြင့်။ 'ယေဘုယျ'န္တိ၊ ယေဘုယျံဟူ၍။ ပါဠိ၊ သည်။ ဟောတိ၊ ၏။ ယထာသုတံ ယထာပရိယတ္တန္တိ၊ ကား။ ယထာ၊ ဖြင့်။ မယာ၊ သည်။ သုတော စေဝ၊ ကြားလည်း ကြားနာအပ်၏။ ဥဂ္ဂဟိတော စ၊ သင်လည်း သင်အပ်၏။ ဧဝံ တထာ၊ ထိုအခြင်းအရာဖြင့်။ မမ္ပံ၊ ကို။ ဒေသေမိ၊ ၏။ (ဤသို့ ပါဠိတော်မှဆောင်၍ သမွန်)။ ဝမ္ပံ ဒေသေမိတိ၊ ကား။ သတ္တဝတ္တပဒံ၊ ခုနစ်ပါးသောဝတ် တည်းဟူသော သိကြားဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ ဝမ္ပံ၊ ကို။ ဒေသေမိ၊ ၏။ နစာဟံ တေသန္တိ၊ ကား။ အဟံပန၊ သည်ကား။ တေသံ၊ ထိုရဟန်း, ပုဏ္ဏားတို့၏၊ သာဝကော၊ တပည့်သည်။ ဟုတွာ၊ ၍။ နသမ္ပဇ္ဇာမိ၊ မပြည့်စုံ။ အဟံ ပါပန ဘဏ္ဍတိ အာဒိနာ၊ ဖြင့်။ အတ္တနော၊ ၏။ သောတာပန္နဘာဝံ၊ ကို။ ဇာနာပေတိ၊ ၏။

## သောပန်သပဋိလာဘကထာဝဏ္ဏနာ

၁၆၁။ ဝေဒပဋိလာဘန္တိ၊ ကား။ တုဋ္ဌိပဋိလာဘံ၊ နှစ်သက်ခြင်းကို ရခြင်းကို။ ဒေဝါသုရသင်္ဂါမောတိ၊ ကား။ ဒေဝါနဉ္စ၊ တို့၏ရင်း။အသုရာနဉ္စ၊ တို့၏ ရင်း။ သင်္ဂါမော၊ စစ်ထိုးခြင်းသည်၊ သမုပဗျူဠှောတိ၊ ကား။ သမာပန္နော၊ ကောင်းစွာရောက်သည်။ ဝါ၊ကောင်းစွာသက်သည်။ နလာဋ္ဌေန၊ တယောက်သောနတ်၏ နဖူးဖြင့်။နလာဋ္ဌံ၊တယောက်သောနတ်၏ နဖူးကို။ပဟရန္တာကာရပ္ပတ္တာဝိယ၊ ထိခိုက်အံ့သော အခြင်းအရာသို့ ရောက်သကဲ့သို့။ဟောတိ၊၏။ ခေဘာသံ၊ထိုနတ်အသုရာတို့၏၊ ကဒါစိ၊ရံခါ၊ မဟာသမုဒ္ဒပိဋ္ဌေ၊ မဟာသမုဒ္ဒရာ ရေအပြင်၌။သင်္ဂါမော၊သည်။ ဟောတိ၊၏။ တတ္ထ၊ ထိုမဟာသမုဒ္ဒရာရေအပြင်၌။ဝါ၊ ထိုသို့စစ်ထိုးရာ၌။ဘေဒနဝိဇ္ဈနာဒိဟိ၊ဖြတ်ခြင်း ထိုးခြင်းစသည်တို့ဖြင့်။

အညမညံ၊အချင်းချင်း။ ဿာတောန ် မ၊ သတ်ညှဥ်းဆဲခြင်းမည်သည်။ နတ္ထိ၊ မရှိ။ဒါ ရုဓမေဏ္ဍကာယုဒ္ဓဝိယ၊သစ်ဖြင့်ပြီးသော ဆိတ်ရုပ်ကို တိုက်ခြင်းကဲ့သို့။ ဇယပရာဇယမတ္တမေဝ၊ အောင်ခြင်း ရှုံးခြင်းမျှသည်လျှင်။ ဟော ်တိ၊၏။ ကဒါစိ၊ ရံခါ။ ဒေဝါ၊ နတ်တို့သည်။ ဇိနန္တိ၊ အောင်ကုန်၏။ကဒါစိ၊ ရံခါ။ အသုရာ၊ တို့သည်။ ဇိနန္တိ၊ကုန်၏။ တတ္ထ၊ထိုနတ်အသုရာတို့တွင်။ ယသ္မိံ သင်္ဂါမေ၊ ၌။ ဒေဝါ၊နတ်တို့သည်။ပုန အပစ္စာဂမနာယ၊ တဖန်မပြန်လာအံ့သောငှာ။ အသုရေ၊တို့ကို။ ဇိနိံသု၊ ကုန်၏။ တံ၊ ထိုသို့အောင်ခြင်းကို။ သန္ဓာယ၊ ၍။ တသ္မိံ ခေါ ပန ဘဂ္ဂေတိအာဒိံ၊ ကို။ အာဟ၊ ၏။ ဥဘယမေတန္တိ၊ ဂ ား။ ဥဘယံ၊ နှစ်ပါးစုံသောသြဇာကို။ ဒုဝိဓမ္ပိ၊ သော။ ဧတံသြဇံ၊ ထိုနတ်ပြည်၌ သြဇာ အသုရာပြည်၌ဖြစ်သော သြဇာကို။ ဒွေဒေဝလောကေ၊ ဤတာဝတိံသာနတ်ပြည်၌။ ဒေဝါယေဝ၊ တာဝတိံသာ နတ်တို့သည်သာ ်လျှင်။ ပရိဘုဉ္ဇိဿန္တိ၊ သုံးဆောင်ကုန်လတ္တံ့။ ဣတိဓေ၀ံ၊ သို့။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်သော။ အဿ၊ ထိုသိကြားမင်းအား။ ဗလဝပီတိသောမနဿံ၊ အားကြီးသော နှစ်လိုခြင်း ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ သဒဏ္ဍာဝစရောတိ၊ ကား။ သဒဏ္ဍာဝစရကော၊ သူတပါးလှံတံကို မြစ်ကြောင်းနှင့် တကွဖြစ်သည်။ ဒဏ္ဍဂ္ဂဟဏေန၊ လှံတံကိုကိုင်ခြင်းနှင့်ရှင်း။ သတ္ထဂ္ဂဟဏေန၊ လက်နက်ကိုကိုင်ခြင်းနှင့်ရှင်း။ သဒ္ဓိံ၊ ကွ။ အဟောသိ၊ ၏။ နိက္ခိတ္တဒဏ္ဍသတ္ထော၊ ချထားအပ်သော လှံတံလက်နက်ရှိသည်။ နဟောသိ၊ ဖြစ်။ ဣတိဣမံအတ္ထံ၊ ကို။ ဒဿေတိ၊ ၏။ ကေန္တနိဗ္ဗိဒါယာတိ၊ ကား။ ကေန္တေနေဝ၊ စင်စစ်သ ဖြင့်သာလျှင်။ ဝဋ္ဋေ၊ ၌။ နိဗ္ဗိန္ဒနတ္ထာယ၊ ငြီးငွေ့ခြင်းငှာ။ ဣတိအာဒိ၊သော။ သဗ္ဗံ၊ သည်။ မဟာဂေါဝိန္ဒသုတ္တေ၊ ၌။ ဝုတ္တမေဝ၊ ပြီးသည်လျှင်တည်း။

၃၆၉။ ပဝေဒေသိတိ၊ ကား။ ကထေသိ၊ ဟော၏။ ဒီပေသိ၊ ပြ၏။ ဣဝေဝါတိ၊ ကား။ ဣမသ္မိံယေဝသြကာသေ၊ ဤဣန္ဒသာ်လဂူဒ ရုပ်၌သာလျှင်။ ဒေဝဘူတဿ မေ သတောတိ၊ ကား။ ဒေဝဿ၊ သိကြားနတ်သည်။ သတော၊ ဖြစ်သော။ မေ၊ သည်။ ပုနရာယုံစ မေ လဒ္ဓေါတိ၊ ကား။ ပုန၊ တဖန်။ အဒေနေ၊ သေ၍၊ ကမ္မဝိပါကေန၊ ကံ၏အကျိုးအားဖြင့်။ မေသည်။ ဇီဝိတံ၊ အသက်ကို။ လဒ္ဓံ၊ ရအပ်၏။ ဣဘိအယံ၊ ကား။ အတ္ထော၊ တည်း။ ဣဒါနိ၊ ဤပုနရာယုစ မေ လဒ္ဓေါဟူသောပါဠိဖြင့်။ အတ္တနော၊ ၏။ စုတိ

ဘာဝဋ္ဌော၊ စုတေသည်၏အဖြစ်ကိုင်း။ ဥပပန္နဘာဝဋ္ဌ၊ ပဋိသန္ဓေနေသည်၏ အဖြစ်ကိုင်း။ အာဝိကရောတိ၊ ထင်စွာပြု၏။

ဒိဝိယာကာယာတိ၊ကား။ ဒိဗ္ဗာ၊နတ်၌ဖြစ်သော။ အတ္တဘာဝါ၊မှ၊အာယုံ ဟိတွာ အပာနုသန္တိ၊ ကား။ ဒိဗ္ဗာ၊ သော။ အာယုံ၊ ကို။ ဇဟိတွာ၊ စွန့်၍။ အပ္ပမေယျောဂဗ္ဘပေယျာပိတိ၊ ကား။ နိယကဂတိကတ္တာ၊ မြဲသောသုဂတိရှိသည်၏ အဖြစ်ကြောင့်။ အမှုဋ္ဌော၊ မတွေဝေသည်။ ဟုတ္တွာ၊ ၍။ ယတ္ထ ပေ ရပတိ ပနော့တိ၊ ကား။ ယတ္ထ၊ အကြင်မင်းမျိုးစသည်၌။ ပေ၊ ၏။ မနော၊ သည်။ ရမိဿတိ၊ မွေ့လျော်လတံ့။ တတ္ထေဝ ခတ္တိယကုလာဒီသု၊ တို့၌လျှင်။ ဂဗ္ဘံ၊ အမိဝမ်းသို့။ ဥပဂစ္ဆိဿာမိ၊ ကပ်အံ့။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။ ဣမိနာ၊ ဤအမှုဋ္ဌော ဂဗ္ဘမေဿာမိဟူသောပါဌ်ဖြင့်။ (ဣမိနာကား လိုက်)။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဒေဝေစေဝ၊ ၌၎င်း။ မာနုသေစ၊ ၌၎င်း။ ဂဗ္ဘံ၊ သို့။ ဥပဂစ္ဆိဿာမိ၊ အံ့။ ဣတိဣမံအတ္ထံ၊ ကို။ ဒီပေတိ၊ ၏။

ဉာယေန ဝိဟရိဿာမိတိ၊ ကား။ မနုဿေသု၊ တို့၌။ ဥပပန္နောပိ၊ သော်လည်း။ မာတရံ၊ ကို။ ဇီဝိတာ၊ မှ။ ဝေါရောပနာဒီနံ၊ ချခြင်းစသည်တို့ကို။ အဘဗ္ဗတ္တာ၊ မသိုက်သည်၏အဖြစ်ကြောင့်။ ဉာယေန၊ သင့်မြတ်သော။ ကာရဏေန၊ ဖြင့်။ သမေန၊ ညီသဖြင့်။ ဝိဟရိဿာမိ၊ အံ့။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။

သဗ္ဗာဝိ စေ ဘဝိဿတိဘိက္ခဒံ၊ ကို။ သကဒါဂါမိမဂ္ဂံ၊ ကို။ သန္ဓာယ၊ ၍။ ဝဒတိ၊ ၏။ ဣမိနာ၊ ဖြင့်။ (လိုက်မြဲ)။ သကဒါဂါမိ၊ သည်။ ဘဝိဿာမိ၊အံ့။ ဣတိအတ္တံ၊ ကို။ ဒီပေတိ၊ ၏။အညာတာ ဝိဟရိဿာမိတိ၊ ကား။ အညာတာ အာဇာနီတုကာမော၊ အနာဂါမိဖိုလ်ဟူသော တရားအထူးကို သိခြင်းငှာ အလိုရှိသည်။ ဟုတ္တွာ၊ ၍။ ဝိဟရိဿာမိ၊ အံ့။ သေဝ အန္တော ဘဝိဿတိတိ၊ ကား။ သောဝေ၊ ထိုအနာဂါမ်၏ အဖြစ်သည်သာလျှင်။ မနုဿလောကေ၌။ အန္တော၊ အဆုံးသည်။ ဘဝိဿတိ၊ တံ့။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။

ပုန ဒေဝေါ ဘဝိဿာမိ ဒေဝလောကသ္မိံ ဥတ္တမောတိ၊ ကား။ ပုန၊ တဖန်။ ဒေဝလောကသ္မိံ၊ ၌။ ဥတ္တမော၊ မြတ်သော။ ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရသော။ သက္ကော၊ သည်။ ဘဝိဿာမိ၊ အံ့။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။

**အန္တိမေ ဝတ္တမာနမှိတိ၊** ကား။ အန္တိမေ၊ အဆုံးစွန်သော။ ဘဝေ၊ သည်။ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ **သော နိဝါသော ဘဝိဿတီတိ၊** ကား။ ယေ ဒေဝါ၊ တို့သည်။ အာယုနာစ၊ ဖြင့်ရင်း။ ပညာယစ၊ ဖြင့်ရင်း။ အကနိဋ္ဌာ၊ ငယ်သောအဖြစ်မရှိကုန်။ ဇေဋ္ဌကာ၊ ကြီးမြတ်ကုန်၏။ သဗ္ဗဒေဝေဟိ၊ ခပ် သိမ်းသော နတ်ဗြဟ္မာတို့ထက်။ ပဏီတတရာ၊ အထူးသဖြင့် မြတ်ကုန်၏။ အဝသာနေ၊ အဆုံးစွန်သောဘဝ၌။ မေ၊ အား။ သောနိဝါသော၊ ထို အကနိဋ္ဌဘုံ တည်းဟူသော နေရာသည်။ ဘဝိဿတိ၊ တံ့။ အယံ၊ ဤသိကြား မင်းသည်။ တတောသက္ကတ္တဘာဝတော၊ ထိုသိကြားမင်း၏ အတ္တဘောမှ။ စုတော၊ သော်။ တသ္မိံ အတ္တဘာဝေ၊ ထိုသိကြားမင်း၏အတ္တဘော၌။ အနာ ဂါမိမဂ္ဂဿ၊ ၏။ ပဋိလဒ္ဓတ္တာ၊ ရအပ်သည်၏ အဖြစ်ကြောင့်။ ဥဒ္ဓံသောတော၊ အထက်သို့ သွားသော။ အကနိဋ္ဌဂါမီ၊ အကနိဋ္ဌဘုံသို့ရောက်သော အနာဂါမ် ပုဂ္ဂိုလ်သည်။ ဟုတွာ၊ ၍။ အဝိဟာဒိသု၊ တို့၌။ နိဗ္ဗတ္တန္တော၊ လျက်။ အဝသာ နေ၊ ၌။ အကနိဋ္ဌေ၊ ၌။ နိဗ္ဗတ္တိဿတိကိရ၊ တံ့သတတ်။ တံ၊ တံ့သည်ကို။ သန္ဓာ ယ၊ ရည်၍။ ဇေတ္ထဒိဝစနံ၊ ဤသို့သော နိဝါသော ဘဝိဿတိဟူသောစကား ကို။ အာဟ၊ ၏။ **ကိရ-ဝိတ္ထာရေမိ၊** ချဲ့အံ့။ သေသော၊ ဤသိကြားမင်း သည်။ အဝိဟေသု၊ တို့၌။ ကပ္ပသဟဿံ၊ ကမ္ဘာတထောင်ကာလပတ်လုံး။ ဝသိဿတိ၊ နေလတံ့။ အတပ္ပေသု၊ တို့၌။ ဒွေကပ္ပသဟဿာနိ၊ တို့ပတ်လုံး။ ဝသိဿတိ၊ တံ့။ သုဒဿေသု၊ တို့၌။ စတ္တာရိကပ္ပသဟဿာနိ၊ လုံး။ ဝသိဿတိ၊ တံ့။ သုဒဿီသု၊ တို့၌။ အဋ္ဌကပ္ပသဟဿာနိ၊ လုံး။ ဝသိဿတိ၊ တံ့။ အကနိဋ္ဌေသု၊ တို့၌။ သောဠသကပ္ပသဟဿာနိ၊ ကမ္ဘာ တသောင်း ခြောက်ထောင်တို့ကာလပတ်လုံး။ ဝသိဿတိ၊ တံ့။ ဣတိ၊ သို့။ ဧကတိံသ ကပ္ပသဟဿာနိ၊ ကမ္ဘာသုံးသောင်း ကထောင်တို့ ကာလပတ်လုံး။ ဗြဟ္မ အာယုံ၊ ကို။ အနုဘဝိဿတိ၊ တံ့။ ဟိ၊ ဆိုဦးအံ့။ ဒေဝရာဇာ၊ သော။ သက္ကော၊ ရင်း။ အနာထပိဏ္ဍိကော၊ သော။ ဂဟပတိ၊ ရင်း။ ဝိသာခါ၊ သော။ မဟာ ဥပါသိကာ၊ ဒါယိကာမကြီးရင်း။ ဣတိ၊ သို့။ တယောပိ၊ ကုန်သော။ ဣမေ၊ တို့သည်။ ဧကပ္ပမာဏအာယုကာ၊ တူမျှသောအသက်ရှိကုန်၏။ ဇေဝံ၊ သို့။ ဝဋ္ဋာဘိရတသတ္တာနာမ၊ ဝဋ်၌မွေ့လျော်သော သတ္တဝါတို့မည်သည်။ဧတေဟိ၊

ထိုသုံးယောက်သောသူတို့နှင့်။ သဒိသာ၊ ကုန်သော။ သုခဘာဂိနောနာမ၊ ချမ်းသာသော အဖို့ရှိသော သတ္တဝါတို့မည်ကုန်သည်။ နတ္ထိ နသန္တိ၊ ကုန်။

၃၇၀။ အပရိယောသိတသင်္ကပ္ပါတိ၊ ကား။ အပရိနိဋ္ဌိတမနောရထော၊ အပြီးအဆုံးသို့မရောက်သေးသော စိတ်အလိုရှိသည်ဖြစ်၍။ ယဿုမညာမိ သပဏောဘိ၊ ကား။ ယေစသမဏေ၊ အကြင်ရဟန်း, ပုဏ္ဏားတို့ကိုလည်း။ ပဒိဒ္ဓဘ္ဘဝိဟာရိနောတိ၊ ဆိတ်ငြိမ်သော နေခြင်းရှိကုန်၏ ဟူ၍။ ဝါ၊ ဝိဝေကသုံးပါးကို ပွားစေ၍ နေလေ့ရှိကုန်၏ဟူ၍။မညာမိ၊ ငါအောက်မေ့၏။

အာရာဝနာဘိ၊ ကား။ သမ္ပာဒနာ၊ အရိယမဂ်ကို ပြီးစေခြင်းသည်။ ဝိရာဝနာဘိ၊ ကား။ အသမ္ပာဒနာ၊ အရိယမဂ်ကို မပြီးစေခြင်းသည်။ နသမ္ပာယန္တီတိ၊ ကား။ သမ္ပာဒေတွာ၊ပြည့်စုံစေ၍။ ကထေတုံ၊ ငှာ။နသက္ကောန္တိ၊ကုန်။

အာဒိစ္စဗန္ဓုနန္တိ၊ ကား။ အာဒိစ္စောပိ၊ နေမင်းသည်လည်း။ ဂေါတမ ဂေါတ္တော၊ ဂေါတမအနွယ်မည်၏။ ဘဂဝါပိ၊ သည်လည်း။ ဂေါတမ ဂေါတ္တော၊ မည်၏။ တသ္မာ၊ ကြောင့်။ ဧဝံ၊ သို့။ အာဟ၊ ၏။ ယံ ကရောမသီ တိ၊ ကား။ ပုဒ္ဓေ၊ ရှေး၌။ ဗြဟ္မုနော၊ အား။ ယံ နမက္ကာရံ၊ အကြင်ရှိခိုးခြင်း ကို၊ ကရောမ၊ ကုန်၏။ သမံ ဒေဝေဟိတိ၊ ကား။ ဒေဝေဟိ၊ တို့နှင့်။ သဒ္ဓိံ ကွ။ ဣဓဘော၊ မှ။ ပဋ္ဌာယ၊ ၍။ ဣဒါနိ၊ ၌။ အမှာကံ၊ တို့အား။ ဗြဟ္မုနော၊ အား။ နမဿာရကာရံ၊ ရှိခိုးခြင်းကို ပြုခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိဣမံအတ္ထံ၊ ကို ဒဿေတိ၊ ၏။ သာပံ ကရောမာတိ၊ ကား၊ နမက္ကာရံ၊ ကို၊ ကရောမ၊ ကုန်၏။

၃၇၁။ ပရာမသိတ္ဂာတိ၊ ကား။ တုဋ္ဌစိတ္တော၊ နှစ်သက်သောစိတ်ရှိသည်။ ဟုတွာ၊ ၍၊ သဟာယံ၊ အဘော်ကို။ ဟတ္ထေန၊ ဖြင့်။ ဟတ္ထပို၊ ၌။ ပဟရန္တော ပသ၊ ခတ်သကဲ့သို့။ ပထဝိံ၊ ကို။ ပဟရိတွာ၊ ခတ်၍။ ဝါ၊ ကား။ "တုံ၊သည်။ နိစ္စဒေလာ၊ တုန့်လှုပ်ခြင်းမရှိသည်။ ဟောတိယထာ၊ သို့။ ဧဝံ၊ တူ။ အဟံ၊ သည်၊ ဘဂဝတိ၊ ၌။ နိစ္စလော၊ သည်။ ဘဝါမိ၊ အံ့"။ ဣတိ၊ သို့။ သဟာယကတ္တာယ၊ သက်သေဖြစ်စိမ့်သောငှာ။ ပဟရိတွာ၊ ၍။ အဇ္ဈိဋ္ဌပဥှာ ဟိ၊ ကား။ အဇ္ဈေသိတပဥှာ၊ တိုက်တွန်းအပ်သောပြဿနာတို့ကို။ ပဋ္ဌိတ ပဥှာ၊ တောင့်တအပ်သော ပြဿနာတို့ကို၊ သေ့သံ၊ အဆုံးအဖြတ်သည်။ သမ္မာ ပုဒ်ဘို့၌။ ဥဘ္ဘာနမေဝ၊ ပေါ်သည်သာတည်း။ ဣတိ၊ အပြီးတည်း။

သဘုပဥ္စသုတ္တဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။

# ၉-မဟာသတိပဋ္ဌာနသုတ္တ

## ဥဒ္ဒေသဝါရကထာဝဏ္ဏနာ

၃၇၃။ ဧဝံ မေ သုတန္တိ၊ ဟူသောသုတ်သည်။ ဝါ၊ စသောသုတ်သည်။ မဟာသတိပဋ္ဌာနသုတ္တံ၊ တည်း။ တတြ၊ ထိုမဟာသတိပဋ္ဌာနသုတ်၌။ အယံ၊ ကား။ အပုဗ္ဗပဒဝဏ္ဏနာ၊ မရှေးသောပုဒ်တို့၏အဖွင့်တည်း။ ဝါ၊ အသစ်ဖြစ်သောပုဒ်တို့၏အဖွင့်တည်း။ ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါတိ၊ ဟူ၍။ ကသ္မာ၊ ကြောင့်။ ဘဂဝါ၊ သည်။ ဣဒံသုတ္တံ၊ ဤမဟာသတိပဋ္ဌာနသုတ်ကို။ အဘာသိ၊ ဟောတော်မူသနည်း။ ကုရုရဋ္ဌဝါသီနံ၊ ကုရုတိုင်း၌နေလေ့ရှိကုန်သောသူတို့၏။ ဂမ္ဘီရဒေသနာ ပဋိဂ္ဂဟဏသမတ္ထတာယ၊ နက်နဲသောဒေသနာကို နာခံမှတ်သားခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ အဘာသိ၊ ၏။ ကုရုရဋ္ဌဝါသိနော၊ ကုန်သော။ ဘိက္ခူ၊ ရဟန်းယောကျ်ားတို့သည်ရင်း။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်ရင်း။ ဥပါသကာယော၊ ဒါယကာယောကျ်ားတို့သည်ရင်း။ ဥပါသိကာယော၊ ဒါယိကာမိန်းမတို့သည်ရင်း။ တသ္မိရဋ္ဌေ၊ ထို ကုရုတိုင်း၏။ ဥတုပစ္စယာဒိသမ္ပန္နတ္တာ၊ လျောက်ပတ်သော ဥတု တည်းဟူသောအကြောင်း စသည်တို့၏ ပြည့်စုံသည်၏အဖြစ်ကြောင့်။ သပ္ပါယဥတုပစ္စယသေဝနေန၊ လျောက်ပတ်သော ဥတုတည်းဟူသော အကြောင်းကို မှီဲခြင်းဖြင့်။ နိစ္စံ၊ အမြဲ။ ကလ္လသရီရာစ၊ ပကတိသောအနာကင်းသဖြင့် ခံ့သောကိုယ်ရှိကုန်သည်ရင်း။ ကလ္လစိတ္တာစ၊ ကိလေသာ တည်းဟူသော အနာကင်းသဖြင့် ခံ့သောစိတ်ရှိကုန်သည်ရင်း။ ဟောန္တိ ကိရ၊ ကုန်သတတ်။ တေ၊ ထိုကုရုတိုင်း၌ နေလေ့ရှိကုန်သောသူတို့သည်။ စိတ္တသရီရကလ္လတာယ၊ စိတ်ကိုယ် နှစ်ရပ် ခံ့သည်၏အဖြစ်ကြောင့်။ အနုဂ္ဂဟိတပညာဗလာ၊ ချီးမြှင့်အပ်သောပညာဉာဏ်အစွမ်းရှိကုန်သည်ဖြစ်၍။ ဝါ၊ အဖန်တလဲလဲ ဖြစ်စေအပ်သော ပညာဉာဏ်အစွမ်းရှိကုန်သည်ဖြစ်၍။ ဂမ္ဘီရကထံ၊ နက်နဲသောတရားစကားကို။ ပဋိဂ္ဂဟေတုံ၊ ငှာ။ သမတ္ထာ၊ စွမ်းနိုင်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ နေသံ၊ ထိုကုရုတိုင်း၌ နေကုန်သူတို့၏။ ဣမံဂမ္ဘီရဒေသနာပဋိဂ္ဂဟဏသမတ္ထတံ၊ ဤသို့နက်နဲသောဒေသနာကို နာခံမှတ်သားခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကို။ သမ္ပဿန္တော၊

ကောင်းစွာမြင်တော်မူသည်ဖြစ်၍။ ကေဝိသတိယာ၊ နှစ်ဆယ့်တပါးအတိုင်း အရှည်ရှိသော။ ဌာနေသု၊တို့၌။ ကမ္မဋ္ဌာနံ၊စတုသစ္စကမ္မဋ္ဌာန်းကို။အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပက္ခိပိတွာ၊ ထည့်တော်မူ၍။ ဂမ္ဘီရတ္တံ၊ နက်နဲသောတရား စကားရှိသော။ ဣဒံမဟာသတိပဋ္ဌာနသုတ္တံ၊ ကို။ အဘာသိ၊ ၏။ ဟိ-တံ ပါကဋံ ကရောမိ၊အံ့။ပုရိသော၊သည်။သုဝဏ္ဏစင်္ကောဋကံ၊ ရွှေပန်းတောင်းကို။ လဘိတွာ၊ ၍။ တတ္ထ၊ ထိုရွှေပန်းတောင်း၌။ နာနာပုပ္ဖါနိ၊ အထူးထူးသော မြတ်လေးစံပယ် ခရေ စကားစသောပန်းတို့ကို။ ပက္ခိပေယျယထာ၊ ထည့်ရာ သကဲ့သို့ရင်း။ သုဝဏ္ဏမဉ္ဇူသံဝါပန၊ ရွှေတံတင်းကိုမူလည်း။ လဘိတွာ၊ ၍။ တတ္ထ၊ ၌။ (လိုက်)။ သတ္တရတနာနိ၊ ပုလဲ,ပတ္တမြားစသော ခုနစ်ပါးသော ရတနာတို့ကို။ ပက္ခိပေယျယထာ၊ ထည့်ရာသကဲ့သို့ရင်း။ ဧဝံ၊ တူ။ ဘဂဝါ၊ သည်။ ကုရုရဋ္ဌဝါသိပရိသံ၊ ကုရုတိုင်း၌နေသော ပရိသတ်အပေါင်းကို။ လဘိတွာ၊ ၍။ ဂမ္ဘီရဒေသနံ၊ ကို။ ဒေသေသိ၊ ၏။ တေနေဝ၊ ထိုကြောင့်သာ လျှင်။ တေ၊ ထို၊ ကုရုတိုင်း၌။ အညာနိပိ၊ ဤမဟာသတိပဋ္ဌာနသုတ်မှ တပါး လည်း ဖြစ်ကုန်သော။ ဂမ္ဘီရတ္ထာနိ၊ နက်နဲသော အနက်ရှိသောသုတ်တို့ကို။ ဒေသေသိ၊ ၏။ (လည်း၍သတ်၊ တလျောက်တည်းမပေးလင့်)။

ကျမ်း တက်-အညာနိပိဂမ္ဘီရတ္ထာနိ အရကိုသရုပ်ထုတ်ဘော်လိုရကား ဣမသ္မိံ ဒိဃနိကာယေ စသည်ကို မိန့်။

ဣမသ္မိံ ဒိဃနိကာယေ၊ ဤဒိဃနိကာယ်ကျမ်း၌။ မဟာနိဒါနံ၊ မဟာနိဒါန် သုတ်ရင်း။ မဇ္ဈိမနိကာယေ၊ ၌။သတိပဋ္ဌာနံ၊ သတိပဋ္ဌာနသုတ်ရင်း။ သာရောပမံ၊သာရောပမသုတ်ရင်း။ ရုက္ခူပမံ၊ရင်း။ ရဋ္ဌပါလံ၊ ရင်း၊ မာဂဏ္ဍိယံ ရင်း။ အာနေဉ္ဇသပ္ပါယံ၊ ရင်း။ ဣတိ၊ သို့။ အညာနိပိ၊ ကုန်သော။ သုတ္တာနိ၊ တို့ကို။ ဒေသေသိ၊ ၏။

အပိစ၊တနည်းလည်း။ တသ္မိံ ဇနပဒေ၊ ထိုကုရုတိုင်း ဟုဆိုအပ်သော ဇနပုဒ်၌။ စတဿောပရိသာ၊ လေးပါးသောပရိသတ်တို့သည်။ ပကတိယာဝ၊ သဘောအားဖြင့် ပင်လျှင်။ ဝါ၊ ဤမဟာသတိပဋ္ဌာနသုတ်ကို မဟောမီ ရှေး အခါ၌ပင်လျှင်။ သတိပဋ္ဌာနဘာဝနာနုယောဂံ၊သတိပဋ္ဌာန်ကို ပွားစေခြင်းနှင့် ယှဉ်ခြင်းကို။ ဝါ၊သတိပဋ္ဌာန်ကို ပွားစေခြင်း၌ လုံ့လပြုခြင်းကို။ အနုယုတ္တာ၊ ယှဉ်ကုန်သည်ဖြစ်၍။ ဝါ၊ အားထုတ်ကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။

အန္တမသော၊ အားဖြင့်။ ဒါသကမ္မကရပရိဇနာပိ၊ ကျွန်အမှုလုပ် အခြွေအရံပရိသတ်တို့သည်လည်း။ သတိပဋ္ဌာနပဋိသံယုတ္တမေဝ၊ သတိပဋ္ဌာန်နှင့် စပ်ယှဉ်သည်သာလျှင် ဖြစ်သော။ ကထံ၊ တရားစကားကို။ ကထေန္တိ၊ ပြောဆိုကုန်၏။ ဥဒကတိတ္ထသုတ္တကန္တဋ္ဌာနာဒိသုပိ၊ ရေဆိပ်အရပ် ဗိုင်းချည်ဝင့်ရာအရပ်စသည်တို့၌လည်း။ နိရတ္ထကကထာနာမ၊အကျိုးမရှိ ပြိန်ဖျင်းသောစကားမည်သည်။ နပ္ပဝတ္တတိ၊ မဖြစ်။ ''အမ္မ၊ အမိ။ တွံ၊ သည်။ ကတရံ၊ အဘယ်မည်သော။ သတိပဋ္ဌာနဘာဝနံ၊ သတိပဋ္ဌာန်ကို ပွားစေခြင်းကို။ မနသိကရောသိ၊ နှလုံးသွင်းသနည်း''။ ဣတိ၊ သို့။ ပုစ္ဆိတာ၊ မေးအပ်သော။ ကာစိ၊ တစုံတယောက်သော။ ဣတ္ထီ၊ သည်။ ကိဉ္စိ၊ တစုံတခုသော။ သတိပဋ္ဌာနဘာဝနံ၊ ကို။ နမနသိကရောမိ၊ နှလုံးမသွင်းမိချေ။ ဣတိ၊ သို့။ သစေဝဒတိ၊ ရှိဆိုအံ့။ တံ၊ ထိုမိန်းမကို။ ''တဝ၊ သင်၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ ဓိရတ္ထု၊ စက်ဆုပ်ဘွယ်ရှိစွ။ တနည်းကား။ ဓိ၊ ထွီဘွယ်သည်။ အတ္ထု၊ ဖြစ်၏။ ဇီဝမာနာပိ၊ အသက်ပင်ရှင်သော်လည်း။တွံ၊သည်။ မတသဒိသာ၊ သူသေနှင့်တူ၏''။ ဣတိ၊ သို့။ ဂရဟန္တိ၊ ကဲ့ရဲ့ကုန်၏။အထ၊ထိုကဲ့ရဲ့ပြီးသောနောက်မှ။နံ၊ ထိုမိန်းမကို။''ဒါနိ၊ ယခုအခါ၌။ ပုန၊တဖန်။ ဧဝံ၊သို့။မာအကာသိ၊ မပြုလင့်''။ဣတိ၊ သို့။ ဩဝဒိတွာ၊ဆုံးမ၍။ အညတရံ၊ အမှတ်မရှိသော။ သတိပဋ္ဌာနံ၊ ကို။ ဥဂ္ဂဏှာပေန္တိ၊ သင်စေကုန်၏။ ဝါ၊ ယူစေကုန်၏။ ပန၊ ထိုမှတပါး။ ယာ၊ အကြင်မိန်းမသည်။ ''အဟံ၊ သည်။ အသုကသတိပဋ္ဌာနံနာမ၊ ဤမည်သောသတိပဋ္ဌာန်ကို။ မနသိကရောမိ၊ ၏''။ ဣတိ၊ သို့။ သစေဝဒတိ၊ အံ့။ (လိုက်)။ တဿာ၊ ထိုဤမည်သောသတိပဋ္ဌာန်ကို နှလုံးသွင်း၏ဟု ဆိုသော မိန်းမအား။ သာဓုသာဓု၊ ကောင်းစွကောင်းစွ။ ဣတိ၊ သို့။ သာဓုကာရံ၊ ကောင်းချီးကို။ ဒတွာ၊ ပေး၍။ ''တဝ၊ သင်၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်ကား။ သုဇီဝိတံ၊ ကောင်းသောအသက်ရှင်ခြင်းမည်၏။ တွံနာမ၊ သင်ကဲ့သို့သဘောရှိသော သူသည်သာ။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ ပတ္တာ၊ ရောက်၏။ တဝတ္ထာယ၊ သင်၏အကျိုးငှာ။ သမ္မာသမ္ဗုဒ္ဓေါ၊ သည်။ ဥပ္ပန္နော၊ ဖြစ်တော်မူပေ၏''။ ဣတိအာဒီဟိ၊ ဤသို့စသောစကားတို့ဖြင့်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤကုရုတိုင်း၌။ ကေဝလံ၊ သက်သက်။ မနုဿဇာတိကာဝ၊ ဇာတ်ရှိသောလူတို့သည်သာလျှင်။ သတိပဋ္ဌာနမနသိကာရယုတ္တာ၊

သဘိပဋ္ဌာန်ကို နှလုံးသွင်းခြင်းနှင့် ယှဉ်ကုန်သည်။ နှ၊ မဟုတ်ကုန်။ တေ၊ ထိုကုရုကိုင်း၌နေကုန်သော လူဇာတ်ရှိသောသူတို့ကို။ နိဿာယ၊ မှီ၍။ ဝိဟရန္တာ၊ ကုန်သော။ တိရစ္ဆာနဂတာပိ၊ တိရစ္ဆာန်တို့သည်လည်း။ သတိပဋ္ဌာနမနသိကာရယုတ္တာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

တတြ၊ ထိုတိရစ္ဆာန်တို့၏ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည်ဆိုရာ၌။ ဣဒံ၊ ဤသည်ကား။ ဝတ္ထု၊ သက်သေတည်း။ ကိရ-ဝိတ္ထာရေမိ၊ အံ့။ ဧကော၊ တဒေယာက်သော။ နဋကော၊ ကချေသည်ကြီးသည်။ သုဝပေါတကံ၊ ကျေးသားငယ်ကို။ ဂဟေတွာ၊ ၍။ သိက္ခာပေန္တော၊ အတတ်ကိုယူစေလျက်။ ဝါ၊ သင်လျက်။ ဝိစရတိ၊ လှည့်လည်၏။ သော၊ ထိုကချေသည်ကြီးသည်။ ဘိက္ခုနုပဿယံ၊ ဘိက္ခုနီမကျောင်းကို။ ဥပနိဿာယ၊ မှီ၍။ ဝသိတွာ၊ နေပြီး၍။ ဂမနကာလေ၊ ၌။ သုဝပေါတကံ၊ ကျေးသားငယ်ကို။ ပမုဿိတွာ၊ မေ့ရစ်၍။ ဂတော၊ သွား၏။ တံ၊ ထိုကျေးသားငယ်ကို။ သာမဏေရိယော၊ သာမဏေမတို့သည်။ ဂဟေတွာ၊ ယူ၍။ ပဋိဇဂ္ဂိံသု၊ မွေးကျွေးကုန်၏။ အဿ၊ ထိုကျေးသားငယ်အား။ ဗုဒ္ဓရက္ခိတောတိ နာမံ၊ ကို။ အကံသု၊ ကုန်၏။ ဧကဒိဝသံ၊ ၌။ ပုရတော၊ ရှေ့မှ။ နိသိန္နံ၊ နေသော။ တံ၊ ထိုကျေးသားငယ်ကို။ ဒိသွာ၊ ၍။ မဟာထေရီ၊ သည်။ ဗုဒ္ဓရက္ခိတာတိ၊ ဟူ၍။ အာဟ၊ ဆို၏။ အယျေ၊ အရှင်မ။ ကိံ ကရောသိ၊ အသို့ပြုတော်မူမည်နည်း။ ဣတိ၊ သို့။ အာဟ၊ လျှောက်၏။ တေ၊ အား။ ကောစိ၊ တစုံတခုသော။ ဘာဝနာမနသိကာရော၊ ဘာဝနာ၌နှလုံးသွင်းခြင်းသည်။ အတ္ထိ၊ ၏လော။ ဣတိ၊ သို့။ အာဟ၊ ၏။ အယျေ၊ အရှင်မ။ နတ္ထိ၊ မရှိချေ၊ ဣတိ၊ သို့။ အာဟ၊ ၏။ အာဝုသော၊ အမောင်ကျေးသား။ ပဗ္ဗဇိတာနံ၊ တို့၏။ သန္တိကေ၊ ၌။ ဝသန္တေန နာမ၊ နေသောသူမည်သည်။ ဝိဿဋ္ဌအတ္တဘာဝေန၊ လွှတ်အပ်သော စိတ်ရှိသည်၏အဖြစ်ဖြင့်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ န ဝဋ္ဋတိ၊ မသင့်။ ကောစိဒေဝ၊ တစုံတခုသာလျှင် ဖြစ်သော။ မနသိကာရော၊ ကို။ ဣစ္ဆိတဗ္ဗော၊ အပ်၏။ ပန၊ ထိုသို့ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းအပ်သော်လည်း။ တွံ၊ သင်သည်။ အညံ၊ တပါးသောကမ္မဋ္ဌာန်းကို။မနသိကာတုံ၊ငှါ။(ထည့်)။နသက္ခိဿသိ၊နိုင်လတံ့။ အဋ္ဌိအဋ္ဌီတိ၊ အဋ္ဌိအဋ္ဌိဟူ၍၊ သဇ္ဈာယံ၊ သရဇ္ဈာယ်ခြင်းကို။ ကရောဟိ၊ ပြုလော့။ ဣတိ၊ သို့။ အာဟ၊ ၏။ သော၊ ထိုကျေးသားသည်။ ထေရိယာ၊

မထေရ်မ၏။ ဩဝါဒေ၊ အဆုံးအမ၌။ ဌတွာ၊ တည်၍။ အင်္ဂုတ္တိ၊ ဟူ၍။ သဇ္ဈာယန္တော၊ သရဇ္ဈာယ်လျက်။ ပိစရတိ၊ လှည့်လည်၏။

ဘောဒိဝသံ၊ တနေ့သ၌။ ပါတော၀၊ နံနက်ခဲစောစောကလျှင်။ တောရ- ဏဂ္ဂေ၊ တုရိုဏ်တိုင်ဖျား၌။ ဝါ၊တံခါးတိုင်ဖျား၌။ နိသီဒိတွာ၊ထိုင်၍။ဗာလာဘပံ၊ နေရောင်ပျိုကို။ ဝါ၊ နေဆာကို။ တပမာနံ၊ ပူစေသော။ ဝါ၊ လှုံသော။ တံ၊ ထိုကျေးသားငယ်ကို။ ဧကော၊ တခုသော။ သကုဏော၊ ငှက်သည်။ နခပဉ္စ ရေန၊ ခြေသည်း တည်းဟူသောချိုင့်ဖြင့်။ အဂ္ဂဟေသိ၊ သုတ်ယူ၏။ သော၊ ထိုကျေးသားသည်။ ကိရိကိရိတိသဒ္ဒံ၊ ကိရိကိရိဟူသောအသံကို။ အကာသိ၊ ပြု၏။ သာမဏေရိယော၊ သာမဏေမတို့သည်။ သုတွာ၊ ကြား၍။ "အယျေ၊ ရှင်မ။ ဗုဒ္ဓရက္ခိတော၊ ဗုဒ္ဓရက္ခိတာကို။ သကုဏေန၊ သည်။ ဂဟိတော၊ ဖမ်းယူ အပ်၏။ နံ၊ ထိုဗုဒ္ဓရက္ခိတာကို။ မောစေမ၊ လွတ်စေကုန်အံ့"။ဣတိ၊ ဤသို့ဆို၍။ လေဍ္ဍုအာဒီနိ၊ ခဲအစရှိသည်တို့ကို။ ဂဟေတွာ၊ ၍။ အနုဗန္ဓိတွာ၊ ၍။ မောစေ သုံ၊ လွတ်စေကုန်၏။ အာနေတွာ၊ ဆောင်၍။ ပုရတော၊ ရှေ့၌။ ဌပိတံ၊ ထား အပ်သော။ တံ၊ ထိုကျေးသားကို။ ထေရီ၊ မထေရ်မသည်။ "ဗုဒ္ဓရက္ခိတ၊ ဗုဒ္ဓ ရက္ခိတ။ သကုဏေန၊ ငှက်သည်။ ဂဟိတကာလေ၊ သုတ်ယူသောကာလ၌။ ကိံ၊ အဘယ်ကို။စိန္တေသိ၊ ကြံအောက်မေ့သနည်း"။ ဣတိ၊သို့။ အာဟ၊ ၏။ အယျေ၊ အရှင်မ။ အညံ၊ အင်္ဂုတ္တိကာမဋ္ဌာန်းမှ တပါးသော။ ကိဉ္စိ၊ တစုံတခု သော အာရုံကိုမျှ။ နစိန္တေသိ၊ မကြံအောက်မေ့။ အဋ္ဌိပုဉ္ဇောဝ၊ အရိုးစု တခုသည်သာလျှင်။ အဋ္ဌိပုဉ္ဇံ၊ အရိုးစုတခုကို။ ဂဟေတွာ၊ ယူ၍။ ဂစ္ဆတိ၊ ၏။ ကတရသ္မိံ ပဒေသေ၊ အဘယ်မည်သော အရပ်၌မူလည်း။ ဝိပ္ပကိရိသတိ၊ဖရိုဖရဲ ကြဲလတံ့နည်း။ အယျေ၊ အရှင်မ။ ဣတိဧဝံ၊ သို့။ အဋ္ဌိပုဉ္ဇမေဝ၊ အရိုးစုကို သာလျှင်။ စိန္တေသိ၊ ၏။ ဣတိ၊ သို့။အာဟ၊ ၏။ ဗုဒ္ဓရက္ခိတ၊ တာ။ သာဓုသာဓု၊ ကောင်းစွကောင်းစွ။ အနာဂတေ၊ ၌။ တေ၊ သင်အား။ ဘဝက္ခယဿ၊ ဘဝ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၏။ပစ္စယော၊အကြောင်းသည်။ ဝါ၊ အထောက်အပံ့ သည်။ ဘဝိဿတိ၊ တံ့။ဣတိ၊ သို့။ အာဟ၊ ၏။ ဧဝံ၊သို့။တတ္ထ၊ ထိုကုရုတိုင်း၌။ တိရစ္ဆာနဂတာပိ၊ တိရစ္ဆာန်တို့သည်လည်း။ သတိပဋ္ဌာနမနသိကာရယုတ္တာ သတိပဋ္ဌာန်ကိုနှလုံးသွင်းခြင်းနှင့်ယှဉ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ ကြောင့်။ နေသံ၊ ထိုကုရုတိုင်း၌နေကုန်သော သူတို့အား။ ဘဂဝါ၊ သည်၊

ဣန္ဒာသယ ၄၁၅-၄၂

သတိပဋ္ဌာနဗုဒ္ဓိမေဝ၊ သတိပဋ္ဌာန်၏ပွားခြင်းကိုသာလျှင်။ ဇနေန္တော၊ ဖြစ်စေတော်မူလိုသည်ဖြစ်၍။ ဣဒံသုတ္တံ၊ ဤမဟာသတိပဋ္ဌာနသုတ်ကို။ အဘာသိ၊ ဟောတော်မူ၏။

တတ္ထ၊ ထိုဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါစသောပါဌ်၌။ ဧကာယနောတိ၊ ကား။ ဧကမဂ္ဂေါ၊ တခုကြောင်းတည်းသာဖြစ်သောခရီးတည်း။ဟိ-သစ္စံ၊ ၏။ မဂ္ဂဿ၊ မဂ္ဂသဒ္ဒါ၏။ ဝါ၊ အရိယမင်၏။ "မဂ္ဂေါ ပန္ထော ပထော။ ပ။ ဘိသိ သင်္ကမော"တိ၊ ဟူ၍။ ဗဟူနိ၊ ကုန်သော။ နာမာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ဂါထာနက်-မဂ္ဂေါ၊ ခရီး။ ပန္ထော၊ ခရီး။ ပထော၊ ခရီး။ ပဇ္ဇော၊ ခရီး။ အဥ္စနံ၊ ခရီး။ ဝဋုမံ၊ ခရီး။ အယနံ၊ ခရီး။ နာဝါ၊ ခရီး။ ဥတ္တရသေတု၊ ခရီး။ ကုလ္လော၊ ခရီး။ ဘိသိ၊ ခရီး။ သင်္ကမော၊ ခရီး။

သွာယံသောအယံ၊ ထိုခရီးကို။ ဣဓ၊ ဤအရာ၌။ အယနနာမေန၊ အယနဟူသောအမည်ဖြင့်။ ဝုတ္တော၊ ၏။ တသ္မာ၊ ကြောင့်။ ဧကာယနော အယံ ဘိက္ခဝေ ပဂ္ဂေါဘိတ္ထော၊ ဟူသောဤပုဒ်၌။ ဘိက္ခဝေ၊ တို့။ အယံမဂ္ဂေါ၊ ဤသတိပဋ္ဌာန် တည်းဟူသောခရီးသည်။ ဧကမဂ္ဂေါ၊ တကြောင်းတည်းသာဖြစ်သောခရီးတည်း။ ဒွိဓာပထဘူတော၊ နှစ်ခွနှစ်ဖြာဖြစ်သောခရီးသည်။ နာ၊ မဟုတ်။ ဣတိဇံအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ အထဝါ၊ ကား။ ဧကေန၊ အဘော်အဖော် တစ်ယောက်အထီးတည်း။ အယိတဗ္ဗော၊ သွားအပ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဧကာယနော၊ မည်၏။ ဧကေနာတိ၊ သည်ကား။ ဂဏသင်္ဂဏိကံ၊ ခြွေရံပရိသတ် တည်းဟူသောအပေါင်းအဘော် ကိလေသာတည်းဟူသော အပေါင်းအဘော်နှင့် ပေါင်းဘော်စုဝေးခြင်းကို။ ပဟာယ၊ ပယ်၍။ ဝူပကဋ္ဌေန၊ အပေါင်းအဘော်မှကင်းသော ပုဂ္ဂိုလ်သည်၎င်း။ ပဝိဝိတ္တစိတ္တေန၊ ကိလေသာတို့မှဆိတ်သော စိတ်ရှိသောပုဂ္ဂိုလ်သည်၎င်း။ အယိတဗ္ဗော ပဋိပဇ္ဇိတဗ္ဗော၊ သွားအပ်၏။

မှတ်ချက်-ဝိဝေကဋ္ဌာနေဟူ၍သာ အဋ္ဌကထာပါဌ် အနှိုများ၏၊ ဤဋီကာ မူလပဏ္ဏာသအဋ္ဌကထာပါဌ်နှင့်မညီ။

ဝါ၊ တနည်းကား။ ဧကေန၊ ထိုအရိယမဂ် တည်းဟူသောခရီးဖြင့်။ အယန္တိ၊ သွားတတ်ကုန်၏။ဣတိတသ္မာ၊ ကြောင့်။ အယနော၊ မည်၏။ သံသာရတော၊

မှ။ နိဗ္ဗာနံ၊သို့။ ဂစ္ဆန္တိ၊ကုန်၏။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။ ကေသာ၊
ခပ်သိမ်းသော သတ္တဝါတို့ထက်မြတ်သော မြတ်စွာဘုရား၏။ အယနော၊
ခရီးတည်း။ကောယနော၊ခပ်သိမ်းသော သတ္တဝါတို့ထက်မြတ်သော မြတ်စွာ
ဘုရား၏ ခရီး။ **ကေဿာ**တိ၊ ကား။ သေဋ္ဌဿ၊ ခပ်သိမ်းသော သတ္တဝါ
တို့ထက် မြတ်သောမြတ်စွာဘုရား၏။ ဘဂဝါ စ၊ သည်လည်း။ သဗ္ဗသတ္တ
သေဋ္ဌော၊ ခပ်သိမ်းသောသတ္တဝါတို့ထက် မြတ်တော်မူ၏။ တသ္မာ၊ ကြောင့်။
ဘဂဝတော၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊၏။ ဟိယသ္မာ၊ ကြောင့်။
တေန၊ထိုအရိယမဂ် တည်းဟူသော ခရီးဖြင့်။ အညေပိ၊ ဘုရားမှတပါးသော
ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့သည်လည်း။ ကိဋ္ဌာပိအယန္တိ၊ အကယ်၍
ကား သွားကုန်၏ရှင့်။ ဧဝံသန္တေပိ၊ သော်လည်း။ သော၊ အရိယမဂ် တည်း
ဟူသောခရီးသည်။ ဘဂဝတောဝ၊ ၏သာလျှင်။ အယနော၊ မည်၏။ ကသ္မာ၊
ကား။ တေန၊ ထိုမြတ်စွာဘုရားသည်။ ဥပ္ပါဒိတတ္တာ၊ ဖြစ်စေအပ်သည်၏
အဖြစ်ကြောင့်တည်း။တသ္မာ၊ကြောင့်။ဘဂဝတောတိ၊ဟူ၍။ ဝုတ္တံ၊၏။ ယထာ
ဟ-ကို အာဟ၊ ဘုရား အဘယ်သို့ဟောတော်မူသနည်း ဟူမူကား။ 'သော
ဟိ ဘဂဝါ ဗြာဟ္မဏ အနုပ္ပန္နဿ မဂ္ဂဿ ဥပ္ပါဒေတာ'တိအာဒိံ၊ ဤသို့စသော
စကားကို။ အာဟ၊ ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ သောဘဂဝါ၊သည်။ အနုပ္ပန္နဿ၊
မဖြစ်သော။ မဂ္ဂဿ၊မဂ်ကို။ ဥပ္ပါဒေတာ၊ဖြစ်စေတတ်၏။ ဝါ၊ ကား။အယတိ၊
ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ အယနော၊ မည်၏။ ဂစ္ဆတိပဝတ္တတိ၊
တတ်၏။ ဣတိအယံ၊ကား။ အတ္ထော၊ တည်း။ ကေသို၊ တခုတည်းသော
သာသနာတော်၌။အယနော၊ ဖြစ်တတ်သည်တည်း။ ဣတိတသ္မာ၊ ကြောင့်။
ေကာယနော၊မည်၏။ဣမသ္မိံ ယေဝ ဝိနယေ၊ဤသုတ်,အဘိဓမ္မာ,ဝိနည်းဟုဆို
အပ်သော မြတ်စွာဘုရားသာသနာတော်၌သာလျှင်။ ပဝတ္တတိ၊ ၏။ အညတ္ထ၊
တပါးသော တိတ္ထိတို့၏သာသနာ၌။ နပဝတ္တတိ၊ မဖြစ်။ ဣဟိ၊ သို့။ ဝုတ္တံ၊
သည်။ ဟောတိ၊ ၏။ ယထာဟ ကို အာဟ၊ ကား။ ''ဣမသ္မိံ ခေါ သုဘဒ္ဒ
ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ''တိ၊ ဟူ၍။ အာဟ၊၏။
သုဘဒ္ဒ၊ သုဘဒ်။ ဣမသ္မိံ ခေါ ဓမ္မဝိနယေ၊ ဤသုတ်, အဘိဓမ္မာ, ဝိနည်းဟု
ဆိုအပ်သော မြတ်စွာဘုရား သာသနာတော်၌သာလျှင်။ အရိယော၊ မြတ်
သော။ ဝါ၊ ဖြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂေါ၊

အရိယမဂ်ကို။ ဥပလဗ္ဘတိ၊ အပ်၏။ ဟိ-သစ္စံ၏။ ဧသော၊ ဤမဂ္ဂေါဒယနော ဟူသော သဒ္ဒါသည်။ ဝါ၊ အယသဒ္ဒါကို ကံ ကရိဏ်းတို့ဖြင့် ဖေဖန်ခြင်းသည်။ ဒေသနာဘေဒေါယော၊ ဒေသနာအထူးသည်လျှင်။ ဟောတိ၊ ၏။ ဧတ္ထ ဧတာပဒ၊ အနက်အားဖြင့်ကား။ ကောယော၊ တူသည်သာလျှင်။ဟောတိ၊ ၏၊ အပိစ၊ တနည်းလည်း။ ကော၊ တပါးသောနိဗ္ဗာန်သို့။ ဝါ၊ မြတ်သော နိဗ္ဗာန်သို့။ အယတိ၊ သွားတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ကောယနော၊ မည်၏၊ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ နာနာမုခဘာဝနာနယပ္ပဝတ္တောပိ၊ အထူး ထူးသော အကြောင်းရှိသော ဘာဝနာနည်းဖြင့် ဖြစ်သော်လည်း။ အပရဘာဂေ၊ နောက်အဖို့၌။ ကော၊ တခုတည်းသော။ ဝါ၊ မြတ်သော။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်သို့သာလျှင်။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ယထာဟ ကိံ အာဟ၊ အဘယ်သို့ ဆိုသနည်း ဟူမူကား။ သဟမ္ပတိ၊ သဟမ္ပတိအမည်ရှိသော။ ဗြဟ္မာ၊ ဗြဟ္မာသည်။ "ကောယနံ။ပ။ တရန္တိ ဩဃံ" ဣတိ၊ ဟူ၍။ အာဟ၊ ၏။

ဂါထာနက်-ဇာတိခယန္တဒဿီ၊ ဇာတိ၏ကုန်ရာ နိဗ္ဗာန်ဟူသော အဆုံးကို မြင်တော်မူပြီးသော။ ဟိတာနုကမ္ပီ၊ ခပ်သိမ်းသော သတ္တဝါတို့ကို အစီး အပွားဖြင့် အစဉ်စောင့်ရှောက်သနားတော်မူတတ်သော မြတ်စွာဘုရား သည်၊ ကောယနံ၊ မြတ်သောနိဗ္ဗာန်သို့ သွားတတ်သော။ မဂ္ဂံ၊ အရိယ မဂ်ကို။ ပဇာနာတိ၊ သိတော်မူ၏။ ဧတေန မဂ္ဂေန၊ ထိုအရိယမဂ်တည်းဟူ သောလမ်းဖြင့်။ ပုဗ္ဗေ၊ ရှေးလွန်လေပြီးသော အခါ၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့ သည်၊ ဩဃံ၊ ဩဃလေးပါးကို။ တရိံသု၊ ကူးမြောက်တော်မူကုန်ပြီ။ အနာဂတေ၊ ၌လည်း။ ဗုဒ္ဓါ၊ တို့သည်။ ဩဃံ၊ ဩဃလေးပါးကို။ တရိဿန္တိယေဝ၊ ကူးမြောက်ကုန်လတ္တံ့သည်သာလျှင်တည်း။ ပစ္စုပ္ပန္နေ၊ ၌လည်း။ ဗုဒ္ဓါ၊ တို့သည်၊ ဩဃံ၊ ဩဃလေးပါးကို။ တရန္တိ၊ ကူလည်း ကူးမြောက်ကုန်သည်။

ကေစိပန၊ အချို့သောဆရာတို့သည်ကား။ "န ပုန ဒိဂုဏ် ယန္တိ" ဣတိ ဂါထာနယေန၊ န ပုန ဒိဂုဏံ ယန္တိ ဟူသော ဂါထာနည်းဖြင့်။ ယသ္မာ၊ ကြောင့်။ ကေဝလံ၊ တကြိမ်။ နိဗ္ဗာနံ၊ သို့။ ဂစ္ဆတိ၊ ၏။ တသ္မာ၊ ကြောင့်။ "ကောယနော" ဣတိ၊ ဟူ၍။ ဝဒန္တိ၊ ကုန်၏။တံ၊ ထိုကေစိဆရာတို့စကားသည်။

နယုဇ္ဇတိ၊ သင့်။ ဟိ-သစ္စံ၊ ၏။ ဣမဿအတ္ထဿ၊ ဤတကြိမ်နိဗ္ဗာန်သို့ သွားတတ်၏ဟူသောအနက်၏။ သကိံ အယနေ၁တိ ဣမိနာဗျဥ္ဇနေန၊ သကိံ အယနော ဟူသော ဤသဒ္ဒါသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပန၊ ထိုသို့ကားမဟုတ်။ အဿ၊ ထိုအရိယမဂ်၏။ ဧကံ၊ တကြိမ်။ အယနံ၊ ဖြစ်ခြင်းသည်။ ဧကာ၊ တကြိမ်သော။ ဂတိပဝတ္တိ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ သို့။ ဧဝံအတ္ထံ၊ ဤဗဟုဗ္ဗိဟိသမာသ် တည်းဟူသောအနက်ကို။ ယော ဇေတွာ၊ ယှဉ်၍။ ယံဒိဝုစ္စေယျ၊ အကယ်၍ဆိုငြားအံ့။ (ပဝတ္တတိတိဟု ရှိသည်ကား ပါဠိပျက်)။ ဗျဉ္ဇနံ၊ သဒ္ဒါသည်။ ယုဇ္ဇေယျ၊ သင့်ရာ၏။ အတ္တောပန၊ အနက်သည်ကား။ ဥဘယထာပိ၊ နှစ်ပါးစုံနည်းဖြင့်လည်း။ နယုဇ္ဇတိ၊ သင့်။ ကသ္မာ၊ ကား။ ဣဓ၊ ဤ၌။ ပုဗ္ဗဘာဂမဂ္ဂဿ၊ ရှေးအဖို့၌ဖြစ်သော လောကီမဂ်၏။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ ကာယာဒိစတုအာရမ္မဏပ္ပဝတ္တော၊ ကာယစသော လေးပါးသော အာရုံ၌ဖြစ်သော။ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ၊ လောကုတ္တရာ၏ ရှေးအဖို့၌ဖြစ်သော လောကီသတိပဋ္ဌာန် တည်းဟူသောမဂ်ကို။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတော၊ ၏။ လောကုတ္တရော၊ ကို။ န အဓိပ္ပေတော၊ အပ်။ သော စ၊ ထိုလောကုတ္တရာ၏ ရှေးအဖို့၌ဖြစ်သော လောကီသတိပဋ္ဌာန် တည်းဟူသော မဂ်သည်လည်း။ အနေကဝါရမ္ပိ၊ အကြိမ်များစွာလည်း။ အယတိ၊ ၏။ အဿ၊ ထိုလောကုတ္တရာ၏ ရှေးအဖို့၌ဖြစ်သော လောကီသတိပဋ္ဌာန်တည်းဟူသောမဂ်၏။ အနေကဉ္စ၊ အကြိမ်များစွာလည်း။ အယနံ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။

ပုဗ္ဗေပိစ၊ ရှေးအခါ၌လည်း။ ဣမသ္မိံ ပဒေ၊ ဤကာယနော အယံ ဘိက္ခဝေမဂ္ဂေါဟူသော ဝါကျ၌။ ဣမသ္မိံ ပဒေ၊ ၌။ မဟာထေရာနံ၊ တို့၏။ သာကစ္ဆာ၊ တကွ ဆွေးနွေးခြင်းသည်။ အဟောသိယေဝ၊ ဖြစ်ဘူးသလျှင်ကတည်း။ တိပိဋကစူဠနာဂတ္ထေရော၊ တိပိဋကစူဠနာဂထေရ်သည်။ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ၊ လောကုတ္တရာ၏ ရှေးအဖို့၌ ဖြစ်သော လောကီသတိပဋ္ဌာန် တည်းဟူသောမဂ်တည်း။ ဣတိ၊ သို့။ အာဟ၊ ၏။ အဿ၊ ထိုတိပိဋကစူဠနာဂ မှထေရ်၏။ အာစရိယော၊ သော။ တိပိဋကစူဠသုမတ္ထေရောပန၊ တိပိဋကစူဠသုမ မထေရ်သည်ကား။ မိဿကမဂ္ဂေါ၊ လောကီနှင့်ရောသော လောကုတ္တရာဖြစ်သောမဂ်တည်း။ ဣတိ၊ သို့။ အာဟ၊

၏။ ဘန္တေ၊ရား။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာ၏ရှေးအဖို့၌ဖြစ်သောမဂ်တည်း။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ အာဝုသော၊ ငါ့ရှင်။ မိဿကမဂ္ဂေါ၊ လောကီနှင့်ရောသော လောကုတ္တရာမဂ်တည်း။ ဣတိ၊ သို့။ အာဟ၊ ၏။ အာစရိယော၊ ဆရာသည်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဘဏန္တေ၊ ဆိုသည်ရှိသော်။ အပ္ပဋိဗာဟိတွာ၊ ဆရာ့စကားကို မတားမြစ်မူ၍။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ၏၊ ပဉ္စံ ပြဿနာကို။အဝိနိစ္ဆိတွာဝ၊ မဆုံးဖြတ်မူ၍သာလျှင်။ ဥဋ္ဌဟိံသု၊ ထကုန်၏။ အထ၊ ထိုနောက်မှ။ အာစရိယတ္ထေရော၊ ဆရာဖြစ်သောမထေရ်သည်။ နှာနကောဋ္ဌကံ၊ ရေချိုးအိုးသို့။ ဂစ္ဆန္တော၊ သော်။ "ယော၊ သည်။ မိဿကမဂ္ဂေါ၊ လောကီနှင့်ရောသော လောကုတ္တရာမဂ်ကို။ ကထိတော၊ ဆိုအပ်၏။ စူဠနာဂေါ၊စူဠနာဂမထေရ်သည်။ပုဗ္ဗဘာဂမဂ္ဂေါ၊လောကုတ္တရာ၏ရှေးအဖို့၌ဖြစ်သောမဂ်ဘည်း။ ဣဘိ၊ သို့။ အာဒါယ၊ ယူ၍။ ဝေါဟရတိ၊၏။ ဇေဌ၊ ဤအရာ၌။နိစ္ဆယော၊အဆုံးအဖြတ်သည်။ကောန္နုခေါ၊ အဘယ်နည်း"။ ဣဘိ၊ သို့၊ သုတ္တန္တံ၊ မဟာသတိပဋ္ဌာနသုတ်ကို။ အာဒိတော၊ မှ။ ပဋ္ဌာယ၊ ၍။ ပရိဝတ္တေန္တော၊ပြန်သည်ရှိသော်။ဝါ၊သရဇ္ဈာယ်သည်ရှိသော်။"ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ"တိ၊ ဟူ၍။ ဣမသ္မိံ ဌာနေ၊ ဤအရာ၌။ သလ္လက္ခေသိ၊ မှတ်၏။ လောကုတ္တရမဂ္ဂေါ၊ လောကုတ္တရာမဂ်သည်။ဥပ္ပဇ္ဇိတွာ၊၍။ သတ္တဝဿာနိ၊ ခုနစ်နှစ်တိုင်အောင်လုံး။ တိဋ္ဌမာနော၊ နာမ၊ တည်သောမည်သည်။ နတ္ထိ၊ မရှိ။ မယာ၊ ငါသည်။ ဝုတ္တော၊ သော။ မိဿကမဂ္ဂေါ၊ လောကီနှင့်ရောသော လောကုတ္တရာမဂ်ကို။ နလဗ္ဘတိ၊ မရအပ်။ စူဠနာဂေန၊ စူဠနာဂမထေရ်သည်။ ဒိဋ္ဌော၊ မြင်အပ်သော။ ပုဗ္ဗဘာဂမဂ္ဂေါဝ၊ လောကုတ္တရာ၏ ရှေးအဖို့၌ဖြစ်သော မဂ်ကိုသာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ ဣဘိ၊ သို့။ ဉတွာ၊ ၍။ အဋ္ဌမိယံ၊ ရှစ်ရက်မြောက်သောနေ့၌။ ဓမ္မသဝနေ၊ တရားနာအံ့သည်ကို။ သံဃုဋ္ဌေ၊ ကြွေးကြော်သည် ရှိသော်။ အဂမာသိ၊ သွား၏။

ပေါရာဏကတ္ထေရာ၊ ရှေး၌ဖြစ်သော မထေရ်တို့သည်။ ပိယဓမ္မသဝနာ၊ တရားနာခြင်းကိုဘောင်ဘကုန်သည်။ ဟောန္တိကိရ၊ ကုန်သတတ်။သဒ္ဒံ၊ ကြွေးကြော်သောအသံကို။ သုတွာ၊၍။"အဟံ၊သည်။ပဌမံ၊စွာ။သြသရာမိ၊သက်အံ့။ အဟံ၊ သည်၊ ပဌမံ၊ စွာ။ သြသရာမိ၊ အံ့"။ ဣတိ၊ သို့။ ဧကပ္ပဟာရေနေဝ၊

